
www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၀၉၉၁




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၁၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးစိုးသိမ်း (မြဲ - ၀၂၀၇၉)<br>သုခပုံနှိပ်တိုက်<br>အမှတ်(၁၄၈)၊ ၄၅-လမ်း(အထက်)၊<br>ဗိုလ်တထောင်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |

အကြည်တော်
ချူဆီ/အကြည်တော်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၁၄၀ - စ၁ ၊ ၁၃.၅ × ၂၀.၅ စင်တီ။
(၁) ချူဆီ




ကလေးငယ်တစ်ယောက်၏ ညအိပ်ရာဝင်ချိန်ဖြစ်သည်။

"မေမေ ပုံပြင်ပြောပြ"

မိခင်ဖြစ်သူက ကလေးငယ်၏နဖူးမှ ဆံနွယ်စကိုသပ်ရင်း

"ဟိုးရှေးရှေးတုန်းက"

ကလေးက ခေါင်းခါပြီး

"ဟင့်အင်း ဟိုးရှေးရှေးတုန်းက ပုံပြင်တွေ နားမထောင်ချင်တော့ဘူး"

မိခင်က မျက်မှောင်ကြုတ်သွားသည်။

"ဟင် စင်ဒရဲလားတို့ မထွေးလေးတို့ ပုံပြင်တွေ မကြိုက်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား”

ကလေးငယ်က ခေါင်းယမ်းပြီး

“ဟင့်အင်း မကြိုက်လို့မဟုတ်ဘူး၊ မေမေပြောတာရော ဆရာမတို့ပြောတာရော ကြားဖူးနေကျကို”

“ဒါဆို ဖားမလေးပုံပြင်ရော”

“ဟင့်အင်း အဲဒါလဲ ကြားဖူးတယ်၊ ဖားမင်းသားလေးကိုတဲ့ မင်းသမီးလေးကနမ်းပြီး သိပ်ချောတဲ့မင်းသားလေး ဖြစ်သွားတာပဲ မဟုတ်လား၊ ကြားဖူးနေကျကြီး၊ ထူးဆန်းတာပြောပြ”

မိခင်က နှုတ်ခမ်းကိုက်ပြီး

“ထူးဆန်းတာဆိုရင်”

စဉ်းစားနေဟန်။ နောက်မှ ပြုံးပြီး

“တစ်ခါတုန်းကပေါ့ကွယ်”

သူ၏ပုံပြင်ကို စလိုက်သည်။

× × ×





လူစည်ကားသော လမ်းမတစ်ခုဖြစ်သည်။

မိန်းမပျိုတစ်ဦးသည် သူ၏လည်ပင်း၌ “အမျိုးသမီးများအား အကြွေးဖြင့်သိမ်းပိုက်ခြင်းပပျောက်ရေး”ဟူသော ဆိုင်းဘုတ်တစ်ခုကို ချိတ်ဆွဲ၍ အော်လံအသေးတစ်ခုဖြင့်

“အမျိုးကောင်းသမီးများအတွက် သင်ခန်းစာတစ်ခုပါရှင်၊ ကျွန်မတို့အမျိုးသမီးများဟာ ငွေရှင်ကြေးရှင်များရဲ့ အကြွေးနဲ့သိမ်းစရာအရုပ်တွေ မဟုတ်ပါဘူး”

သူ့ရဲ့အသံကြောင့် လူအများဝိုင်းအုံလာကြသည်။ နေရာကလဲ လူစည်ကားရာ ဈေးနှင့်လဲ သိပ်မဝေး၍ ခွေးကိုက်တာတောင် ဝိုင်းအုံကြည့်သောလူများ ဝိုင်းလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com





ကိုယ့်ရဲ့သမီး
နုနုထွတ်ထွတ်လေးတွေကို ဒီလို
ငွေရှင်ရုပ်ဆိုးကြီးသားတွေက
သိမ်းပိုက်မယ်ဆိုရင်
ဘယ်လိုခံစားရမှာလဲ၊
ငါဆို တော်သေး

"ကျွန်မရဲ့ကိုယ်တွေ့ပါရှင်၊ ကျွန်မအချစ်ဆုံးသူငယ်ချင်းရဲ့ မွေးသဖခင်ဟာ လုပ်ငန်းရှင်တစ်ယောက်နဲ့ အလုပ်လုပ်ရင်း ငွေသိန်းတစ်ရာခန့် ဆုံးရှုံးခဲ့ရပါတယ်"

သိန်းတစ်ရာဆိုသော ငွေအသံကြား၍ အားလုံးမျက်လုံးပြူးသွားကြသည်။ မိန်းမပျိုမှဆက်၍

"အဲဒီငွေသိန်းတစ်ရာကို ကျွန်မသူငယ်ချင်းမိန်းကလေးဖခင်က မဆပ်နိုင်လို့ အဟင့်၊ အဲဒီငွေအစား အဟင့်"

ပြောရင်း မျက်ရည်ဝိုင်းလာပုံရသည်။ လူတွေက ဝိုင်းကြည့်နေတုန်း၊ သူမစကားကို စိတ်ဝင်စားကြဟန်တူ၏။

"ကျွန်မသူငယ်ချင်းချောချောလေးကို အတင်း သူသားရုပ်ဆိုးကြီးနဲ့ ပေးစားဖို့ကြံစည်ပါတယ်ရှင်"

ထိုစကားကြားတော့ လူတွေအားလုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်၏။

"ဟာ အကြွေးမပေးနိုင်ရုံနဲ့ သမီးကိုသိမ်းတဲ့ခေတ် ရှိသေးလား"

"ဟော့ ဒါ ချစ်တီးခေတ်ကလုပ်ရပ်၊ ဒီခေတ်မှာ လုပ်လို့မရဘူး"

"မိန်းမသားတွေရဲ့ ခံစားချက်ကို ရိုက်ချိုးတာပဲ၊ ဒါ လူ့အခွင့်





အရေးချိုးဖောက်တာ"

စသည်ဖြင့် ဘာမှန်းညာမှန်းမသိဘဲ တစ်ယောက်တစ်ပေါက် ဆူညံကုန်၏။ ဒါကို မိန်းမပျိုက ဆက်၍

"အခု ကျွန်မသူငယ်ချင်းရဲ့ အဖြစ်ကလဲ အဲဒီလိုပါပဲရှင်၊ ဖခင်ရဲ့အကြွေးအစား သူ့ရဲ့ဘဝ သူ့ရဲ့အလှကို စတေးရမယ့်အနေအထားမို့ အမျိုးသမီးထုအတွက် ငြိမ်ခံမနေကြပါနဲ့ရှင်"

အားလုံး ပို၍ လှုပ်လှုပ်ရွရွဖြစ်ကုန်၏။ မိန်းမကြီးတစ်ဦးက

"ကိုယ့်ရဲ့သမီး နုနုထွတ်ထွတ်လေးတွေကို ဒီလိုငွေရှင်ရုပ်ဆိုးကြီးသားတွေက သိမ်းပိုက်မယ်ဆိုရင် ဘယ်လိုခံစားရမှာလဲ၊ ငါဆို တော်သေး"

သူ့စကားကို တစ်ယောက်တစ်ပေါက်နဲ့

"သိမ်းရဲသိမ်းကြည့်ပါလား၊ အသက်နဲ့လဲပစ်မှာပေါ့"

"ဒါမျိုးတော့ လက်မခံနိုင်ဘူး၊ လုပ်ရဲလုပ်ကြည့်ပါလား၊ အသေခံလိုက်မယ်"

"ဒီဝါဒတော့ တို့မကြိုက်ဘူးဟေ့၊ ဒါဟာ ဘူဇွာဝါဒ"

စသည်ဖြင့် ဆူညံကုန်၏။ ဒါကို မိန်းမပျိုက

"ဒီလိုမျိုး အဖြစ်မျိုးတွေ ရှိသင့်သေးလား"

သူ့အမေးကို အားလုံးက အားရပါးရ လက်သီးလက်မောင်းတန်းပြီး

"မရှိသင့်ဘူး မရှိသင့်ဘူး"

"တွန်းလှန်ပစ်၊ တွန်းလှန်ပစ်"

အော်သံတွေ ဆူညံနေ၏။

"မြန်မာအမျိုးသမီးများကိုယ်စား တိုက်ခိုက်ဖို့အသင့်ပဲလား"

"အသင့်ပါပဲ အသင့်ပါပဲ"

အားလုံးအော်သံက တက်ကြွနေသည်။ အမျိုးသမီးငယ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဆက်၍

"အဲဒီလိုလူမျိုးတွေရော မတွေ့ချင်ဘူးလား"

"တွေ့ချင်တယ်၊ တွေ့ချင်တယ်"

"တွေ့ချင်လိုက်ခဲ့ကြ"

"ဟေး"

အမျိုးသမီးငယ်နောက် လူတန်းကြီးတန်းစီပြီး လိုက်ပါသွားကြသည်။ မြန်မာလူမျိုးဆိုသည်ကလဲ လူစုစုမြင်လျှင် ဝင်ကျလောင်ချင်ကြသည်မဟုတ်လား။ ထို့ကြောင့် . .

× × ×





"ငွေရှင်များ ငွေနဲ့မိန်းကလေးများအား မသိမ်းဆည်းရေးတို့အရေး တို့အရေး"

"အရင်းရှင်များ မိန်းကလေးများ မသိမ်းပိုက်ရေး၊ တို့အရေးတို့အရေး"

အိမ်ရှေ့တွင် ဆူညံသောအော်သံကြောင့် ဆန်းထူးအိပ်နေရာမှ လန့်နိုးလာသည်။ အစကတော့ အိမ်ရှေ့လမ်းမက ဖြတ်သွားခြင်းသာဟု ထင်မှတ်ထားသော်လည်း အော်သံက ပို၍နီးကပ်လာသယောင်။

သို့သော် အိပ်ရေးမဝသေး၍ ဆက်အိပ်ရန် ကြိုးစားသေး၏။ စိတ်ထဲတွင်လဲ

"သြော် ဆန္ဒပြတဲ့ရာသီပဲ၊ ပြကြမှာပေါ့"ဟူ၍။



www.burmeseclassic.com

www.burmeseclassic.com





အော်သံများနှင့်အတူ
အိမ်တံခါးဝကို
ခွမ်းခနဲလာမှန်သော
ကြက်ဥတစ်လုံး။ နောက်
ခရမ်းချဉ်သီးနှင့်
အသီးအရွက်စုံများ။

သို့သော်

"ငွေရှင်များ ငွေနဲ့မိန်းကလေးများအား မသိမ်းဆည်းရေး တို့အရေး တို့အရေး"

"အရင်းရှင်များ မိန်းကလေးများ မသိမ်းပိုက်ရေး၊ တို့အရေး တို့အရေး"

"ငွေရှင်များ မိန်းကလေးများအား မသိမ်းပိုက်ရေး တို့အရေး တို့အရေး"

အော်သံက ပို၍ကျယ်လောင်လာသည်။ နောက် အော်နေသည့်အကြောင်းအရာကလဲ ထူးဆန်းနေ၍ ထကြည့်လိုက်ရာ

"ဟာ"

လူအများမှာ အိမ်ရှေ့မှဖြတ်သွားခြင်းမဟုတ်ဘဲ မိမိအိမ်ကို ဦးတည်၍ အော်ဟစ်နေ၍ အံ့အားသင့်သွားရသည်။

ဘာကြောင့်လာအော်နေပါလိမ့်။

မသဲကွဲ၍ အိမ်တံခါးဖွင့်ကြည့်လိုက်တော့

"အဲဒီကောင်ပဲ၊ အဲဒီကောင်ပဲ၊ ကျွန်မသူငယ်ချင်းကို ငွေနဲ့ သိမ်းတာ"





"ဟာ"

သူနဲ့စေ့စပ်ထားသော မြနှင်းသူငယ်ချင်း ကသစ်နီ သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး အော်နေတာ။ ရင်ဘတ်မှာလဲ "အမျိုးသမီးများ အကြွေးနှင့်သိမ်းပိုက်ခြင်းပပျောက်ရေး"ဟူသော ဆိုင်းဘုတ်ကြီးဆွဲထား၏။ သူလဲ ကြောင်ပြီးကြည့်မိနေသေး၏။

"ဟာ ဒီကောင်ပဲတဲ့ဟေ့"

"အေး ရုပ်ရည်လေး သနားကမားနဲ့ ယုတ်မာလိုက်တာ"

"ဟဲ့ ချစမ်းပါ၊ ဈေးကဝယ်လာတဲ့ ကြက်ဥတွေရှိတယ်မဟုတ်လား၊ ပစ် ပစ်"

အော်သံများနှင့်အတူ အိမ်တံခါးဝကို ခွမ်းခနဲလာမှန်သော ကြက်ဥတစ်လုံး။ နောက် ခရမ်းချဉ်သီးနှင့် အသီးအရွက်စုံများ။

ခွမ်းခနဲ နဖူးကို သခွားသီးတစ်လုံး လာမှန်မှ

"ဟာ ငါ့ကိုဆော်တာဟ"

ဟု သိမိပြီး တံခါးကို ဂျိုင်းခနဲပိတ်ပြီး အိမ်အတွင်းထဲ ပြန်ဝင်နေလိုက်ရသည်။ ရင်ထဲမှာလဲ တထိတ်ထိတ်နှင့်။

"ဘာဖြစ်လို့ လာလုပ်တာပါလိမ့်"

ဆန်းထူး သူကိုယ်တိုင်ပင်မသိ။ နဖူးမှသခွားဖတ် ဖယ်ရသေး၏။

အပြင်ဖက် ပြန်ချောင်းကြည့်သည်။

"ဟိုကောင် ထွက်လာစမ်း"

"အကြွေးနဲ့သိမ်းတဲ့ လူယုတ်မာ ထွက်ခဲ့ဟေ့"

ဒေါသတကြီးအော်ကြတုန်း။

အော်နေသည့်လူအများကြားထဲ ကသစ်နီမရှိတော့။

လူတွေလဲ ဘာအော်နေလဲ သိပုံမရ။ ဘာကြောင့်အော်နေတာလဲဆိုတာလဲ သူတို့ကိုယ်တိုင်ပင် ဝေခွဲလို့ရပုံမပေါ်တော့။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



အော်နေဆဲ၊

ဒီမိုကရေစီရရှိရေးလဲပါသည်။ ကြက်ဆူပင် စိုက်ပျိုးရေးလဲပါသည်။ လယ်ယာမြေအပ်နှင်းရေးလဲပါသည်။ အလုပ်လက်မဲ့ပပျောက်ရေးလဲ ပါသည်။

ဘယ်သူ့ကို အော်နေကြမှန်းလဲမသိတော့။ အချင်းချင်း လက်ညှိုးထိုး၍ အော်နေကြသူများလဲ ပါပါသည်။

သို့သော် ခဏတာ။

အကြောင်းရင်းရှာမရ၍ တဖြည်းဖြည်း လူအုပ်ကွဲသွား၏။ ထိုအချိန်ထိ ဆန်းထူး ဇဝေဇဝါ။

× × ×





“သနားကြပါရှင်”

ချမ်းအေးသော နံနက်ခင်းတစ်ခုတွင် အထက်ပါအသံကို အော်လံနှင့်ကြားလိုက်၍ ဆန်းထူးလန့်ပြီး ခုန်ထမိသည်။

အော်လံနှင့် ဆက်ပြီးကြားနေရသည်က

“ကျွန်မတောင်းနေတာ ကျွန်မအတွက်မဟုတ်ပါဘူး၊ ကျွန်မသူငယ်ချင်းလေးအတွက်ပါရှင်”

အသံကြားဖူးသလိုဖြစ်နေ၍ ကမန်းကတန်း ထကြည့်လိုက်တော့

“ဟာ”

ကသစ်နီ။ မြူနှင်းသူငယ်ချင်း ကသစ်နီပင်။ လမ်းမအလယ်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်း၌ သူတို့အိမ်ဖက် ဆောင့်ကြောင့်ထိုင်၍ အော်လံနှင့်အော်နေခြင်းပင်။

"ကျွန်မသူငယ်ချင်းလေးကို ဟောဒီအိမ်က ဂုဏ်ကြီးရှင်လူကြီးတွေက ငွေသိန်းတစ်ရာမှမပေးရင် လူသိမ်းမယ်ဆိုလို့ ကျွန်မအဲဒီသူငယ်ချင်းရဲ့အကြွေးကို ပြန်ဆပ်နိုင်အောင် လာတောင်းနေရခြင်းဖြစ်ပါတယ်"

သူအော်သံကြောင့် လူတွေဝိုင်းလာပြန်သည်။

"ဩော် ဒီအိမ်က အစ်ကိုကြီးများက သူ့အဖေဆီတင်နေတဲ့အကြွေးမှမပေးရင် လူသိမ်းမယ်ဆိုတာကြောင့် ကျွန်မ အရှက်ကိုဖက်နဲ့ထုပ်ပြီး တောင်းနေတာပါ။ သိန်းတစ်ရာပြည့်ရင် တော်ပါပြီ"

တချို့ကလဲ ဘာမှန်းညာမှန်းမသိဘဲ တကယ်ပင် ပိုက်ဆံများကျဲပေး၏။ တချို့ကလဲ ဆန်းထူးအိမ်ကို ကွက်ကြည့်ကွက်ကြည့်။ ဒါကိုကသစ်နီက

"ဟိုးမှာ အိမ်ထဲကချောင်းနေတဲ့ အစ်ကိုကြီးပါရှင်၊ သူ သူပါပဲ၊ ကျွန်မသူငယ်ချင်းကို အကြွေးနဲ့သိမ်းမှာ"

"ဟာ"

ဆန်းထူး ခေါင်းနပန်းကြီးပြီး ကိုယ့်ခေါင်းကိုယ်ပြန်အုပ်ကိုင်ထားမိသည်။

"လာပြန်ပြီ ဒီမိန်းမ"

စိတ်ထဲရေရွတ်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ နောက်မှသတိရကာ တယ်လီဖုန်းကို လှမ်းယူလိုက်သည်။ နောက်. .

× × ×





"သနားကြပါရှင်၊ ဟောဒီအိမ်ကလူကြီးကို အကြွေးသိန်းတစ်ရာ ဆပ်ချင်လို့ပါ"

"တီတီတီ တီတီတီ"

တယ်လီဖုန်းမြည်သံ။ အော်နေရာမှရပ်ပြီး ဖုန်းကိုထုတ်လိုက်သည်။ အားလုံးဝိုင်းကြည့်နေတာမြင်တော့ စပ်ဖြဲဖြဲနှင့်

"ထောင့်ငါးရာတန်ဖုန်းပါရှင်၊ အထင်မကြီးပါနဲ့"

ဆိုကာ စပီကာကိုဖွင့် အော်လံနားကပ်၍ အသံပြုလိုက်သည်။

"ဟဲလို"

"မင်းဘာလုပ်တာလဲ၊ ဘာတွေလျှောက်လုပ်နေတာလဲ"

တယ်လီဖုန်းက စပီကာလဲဖွင့်ထားကာ အော်လံနားလဲ ကပ်



www.burmeseclassic.com

www.burmeseclassic.com



ထားၡြ ဆန်းထူးအသံက လူအားလုံးအတိုင်းသား ကြားနေရသည်။ အချို့တ လှမ်းနေသောခြေလှမ်းများပင် ရပ်သွား၏။ ဒါကို ကသစ်နီက မျက်လုံးကလယ်ကလယ်လုပ်ပြီး

"ကျွန်မ ဘာလုပ်မိလို့လဲရှင်"

"မနေ့ကလဲ နင်ငါ့အိမ်ရှေ့ ဆန္ဒပြပြီးပြီ၊ ဒီနေ့လဲ လာတောင်းနေပြီ၊ အဲဒါဘာလုပ်တာလဲ"

"ကျွန်မဘာသာ ကျွန်မသူငယ်ချင်းအကြွေးသိန်းတစ်ရာလေးဆပ်ချင်လို့ ကောင်းရောင်းကောင်းဝယ် တောင်းစားတာပါရှင်၊ အဲဒါ အပြစ်ရှိလို့လား"

"ရှိတယ်၊ ရှိတယ်၊ တောင်းချင် တခြားနေရာသွားတောင်း၊ အိမ်ရှေ့လာမတောင်းနဲ့၊ အိမ်ရှေ့မှာ ဆက်တောင်းရင် ရဲခေါ်ပြီး ဖမ်းခိုင်းလိုက်မယ်"

ထိုအသံလဲကြားရော ကသစ်က

"အောင်မလေး ကြားကြတဲ့အတိုင်းပါပဲရှင်၊ ဒီမိုကရေစီခေတ်မှာတောင် လွတ်လွတ်လပ်လပ် မတောင်းရဘူး၊ သူ့အိမ်ရှေ့ ဆက်တောင်းရင် ရဲခေါ်ပြီးဖမ်းခိုင်းမယ်တဲ့၊ ဒီအတိုင်း ကြည့်နေကြတော့မလား ရှင်တို့ရဲ့"

ကသစ်နီ၏အော်သံကြောင့် ဘေးနားဝိုင်းကြည့်နေသူများက ပါတင်းပြီး

"ဟာ ဒီကောင်လူပါးဝလှချည်လား၊ ကလေးမက သူ့ဘာသာသူ အများပြည်သူပိုင်လမ်းမပေါ်မှာတောင်းတာ၊ သူ့အိမ်ပေါ်တက်တောင်းတာမှ မဟုတ်တာ"

"အေး ဒီကောင်လူပါးဝလှချည်လား၊ ဟိုကမရှိလို့ တောင်းနေတာကိုတောင် ခွက်စောင်းဝင်ခုတ်တယ်"

"ဒီလောက်လူမဆန်တဲ့ကောင် ချကွာ"





ဆိုကာဖြစ်လာ၏။ ဒါကို ကသစ်နီကလဲ အော်လံဖြင့်

"လုပ်လိုက်ကြပါ အစ်ကိုကြီးတို့ အစ်မကြီးတို့ရယ်၊ စဉ်းစားရင် ကြာလွန်းလို့ လုပ်ထည့်လိုက်ကြစမ်းပါ၊ လက်ပါကြတယ်မဟုတ်လား"

"ဟုတ်တယ် ချကွာ ချကြ"

"ကြာတယ်ကွာ၊ လွှတ်ပြီ"

သိပ်မကြာပါ။ ကြက်ဥများ၊ သံပရာသီးများ၊ ခရမ်းချဉ်သီးများ အိမ်ပေါ်က်ဝ တခွမ်းခွမ်းနှင့် လာမှန်ပြန်သည်။

ဆန်းထူးလဲ ဒေါသဖြင့် လှမ်းကြည့်ရာ မြှောက်ပေးသွားသော ကသစ်နီမရှိတော့။ လူတွေက ဘာကြောင့်မှန်းလဲမသိဘဲ သူ့အိမ်ကို ဆော်နေကြတုန်း။ တချို့ဆို သေးကော့ပန်းသူတောင်ပါသေး။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်အစမှာ ဘာမှသိပ်မထူးဆန်း။

ဆန်းထူးတို့အဖေ ဦးနိုင်ဆန်းနှင့် မြူနှင်းတို့အဖေ ဦးကျော်မြင့်မှာ စီးပွားဖက်များ သူငယ်ချင်းများပင်။

တစ်နေ့တွင်တော့ မြူနှင်းအဖေ တာဝန်ယူပို့ဆောင်ရသော ကုန်ပစ္စည်းကားတစ်စီးမှာ တရုတ်ပြည်မှ တင်ဆောင်လာသောပစ္စည်းများ လမ်းခုလတ်တွင် ပျောက်ချင်းမလှ ပျောက်ဆုံးသွားရာမှ ဇာတ်လမ်းစခဲ့ပါသည်။

ထိုကားပေါ်မှာပါလာသောပစ္စည်းများအတွက် ဦးကျော်မြင့်တွင် တာဝန်ရှိသည်မို့ ထိုငွေကြေးများကို ပြန်လည်လျော်ပေးရန် တောင်းဆိုထားခြင်းမျှသာ။ ထိုလျော်ကြေးမပေးနိုင်ပါက သမီးကို





သားနှင့်ပေးစားရမည်ဟုလဲမပါ။ ကြိုက်၍ယူလျှင်လဲ ဘာမှကန့်ကွက်မည်မဟုတ်ဟု သိထားရပါသည်။ သို့သော် ဘယ်ကဘယ်လိုပေါ်လာမှန်းမသိသော မြူနှင်းသူငယ်ချင်း ကသစ်နီကြောင့် အမှုက ကြီးနေပေပြီ။ အဖေတွေ ရှုပ်ခဲ့သမျှ သားအပေါ် အမှုကြီးနေပေပြီ။

ဆန်းထူး သူ့ခေါင်းကိုသူ အုပ်ကိုင်ထားသည်။ နံဘေးနားက သူငယ်ချင်းများက သူ့ကို အကြောင်သားငေးကြည့်နေကြသည်။ အတန်ကြာမှ ဆက်နိုင်က

"နေပါဦးကွ၊ မင်းပြောသမျှဆို မြူနှင်းတို့အဖေနဲ့ မင်းတို့အဖေပတ်သက်ခဲ့တာပဲ၊ အဲဒါကို ဘာ့မဆိုင်ညာမဆိုင် ကသစ်နီဆိုတဲ့ မိန်းမက ဝင်ပါလာရတာတုန်း"

ဆန်းထူး စိတ်ရှုပ်ဟန်နှင့် သက်ပြင်းချသည်။

"အဲဒါကို ငါလဲ မစဉ်းစားတတ်ပါဘူးကွာ၊ ဘယ်ကနေ ဘာတွေလျှောက်လုပ်နေမှန်း မသိတော့ပါဘူး"

"မြူနှင်းနဲ့ကသစ်နီက ဘာတွေလဲ"

အောင်ထွန်းက မေးပြန်သည်။

"ငါသိတာတော့ သူငယ်ချင်းပဲကွ၊ နောက်ပြီး ကသစ်နီဆိုတာကလဲ နိုင်ငံခြားကပြန်လာတာ မကြာသေးဘူး၊ မိန်းမချင်းကြိုက်နေရင်တော့လဲ မပြောတတ်ပါဘူးကွာ"

ဆန်းထူးစကားကြောင့် အားလုံးမျက်လုံးပြူးသွား၏။

"ဖြစ်နိုင်ပ့ါမလားကွ၊ ကသစ်နီပုံက အဲဒီလိုပုံတော့ မဟုတ်ပါဘူး"

"ငါလဲ မစဉ်းစားတတ်ပါဘူးကွာ"

ဆန်းထူးပုံမှာ လွန်စွာစိတ်ပျက်နေပုံ။ သန်းနိုင်က ဆန်းထူးကိုကြည့်ပြီး

"ကဲ အဲဒါဆို မင်း အခု ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com





ရုပ်ရှင်ထဲက လူကြမ်းတွေဆိုတော့
လက်ဆကလဲ တိကျတယ်၊
သင်ပေးစရာလဲ မလိုဘူး၊
နောက်ပြီး
ရုပ်တွေအနေနဲ့ကလဲ
အလုပ်ဖြစ်ပြီးသားပဲပေါ့၊

"ငါလဲ ဘာလုပ်ရမှန်းမသိလို့ မင်းတို့ကို လာတိုင်ပင်တာပေါ့။ အခုဆို ငါလဲ အိမ်မှာတောင် မနေရဲတော့ဘူး၊ ဘယ်အချိန် ဆန္ဒလာပြမလဲဆိုပြီး လန့်နေရတာ"

"တစ်ခုခုတော့ တစ်ခုခုပဲ"

အားလုံး ဘယ်လိုလုပ်ရမလဲမသိ။ အခြေအနေက အထူးအဆန်းကြီး ဖြစ်နေတာကိုး။ အဖေနှစ်ယောက်၏ အရှုပ်ထုပ်ထဲ ဘာမှမဆိုင်သည့် သမီးသူငယ်ချင်းက ဝင်ပါလာတာကိုး။

"ဒီလိုလုပ်"

သန်းနိုင်၏စကား။ အားလုံး အာရုံစိုက်သွားကြသည်။

"သူ့ကို နည်းနည်းခြိမ်းခြောက်လိုက်ရင် ကောင်းမယ်"

"ဘယ်လို"

ဆန်းထူး မျက်လုံးပြူးသွားသည်။ သန်းနိုင်မှ ဆက်၍

"သူ ဒီလိုပဲ ဆက်လုပ်နေရင် မင်းပိုဒုက္ခရောက်လိမ့်မယ်၊ ဒါကြောင့် သူ့ကို ကြောက်လန့်ရုံခြောက်လှန့်လိုက်ရင် သူရပ်သွားမှာပဲ"

ဆန်းထူးမျက်နှာ ရှုံ့မဲ့သွားသည်။ ပြီးမှ

"ငါဖုန်းနဲ့ခြိမ်းခြောက်ပြီးပြီကွ၊ ဒါပေမယ့် အဲဒီဖုန်းကို စပီ





ကာနဲ့ပြန်ဖွင့်ထားတော့ လူတွေက ငါ့ကို ပိုတောင်ဒေါသထွက်ကြသေး"

အားလုံးငြိမ်ကုန်ပြန်၏။ ဘယ်လိုဆက်လုပ်ရမှန်း မသိတော့။ အတန်ကြာမှ အောင်ထွန်းက

"မင်းမဟုတ်ဘဲ တခြားလူနဲ့ ခြိမ်းခြောက်ခိုင်းရင်ရော"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြပြန်သည်။ နောက်မှ ဆန်းထူးက သူတို့ကို လက်ညှိုးထိုးပြီး

"ဘာလဲ မင်းတို့လုပ်ကြမှာလား"

ဆန်းထူးစကားကြောင့် အားလုံး ရှုံ့တိုးရှန့်တန့်ဖြစ်ကုန်၏။ ပြီးမှ ဆက်နိုင်က နေရာအနည်းငယ်ရွှေ့ပြီး

"မင်းကလဲ ငါ ငါတို့လုပ်လို့ ဘယ်ဖြစ်ပါ့မလဲ"

သူ့စကားကို အောင်ထွန်းကပါ

"အေးလေကွာ၊ ငါတို့တော့ ဖြစ်မှလား၊ တခြားလူနဲ့ပေါ့လို့"

"တခြားလူ"

ဆန်းထူး မျက်မှောင်ကြုတ်သွားပြန်သည်။ ပြီးမှ

"တခြားလူ ဘယ်သူတွေလုပ်မှာလဲ"

သူ့အမေးကို သန်းနိုင်က

"အဲဒါမျိုး ငှားလို့ရတဲ့လူဆိုးလူမိုက်တွေ ရှိတယ်ပြောတယ်၊ သူတို့ကိုငှားပေါ့"

ဆန်းထူး သန်းနိုင်ကိုကြည့်ရင်း

"လူမိုက်တွေငှားမယ်"

အားလုံးငြိမ်ကုန်၏။ လုပ်သင့်မလုပ်သင့် အကြံထုတ်နေကြပုံရ၏။ ဒါကို ဆန်းထူးမှပင်

"နေပါဦး၊ အဲဒီလူမိုက်တွေက တကယ်လုပ်သွားရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ"

အားလုံးငြိမ်ကုန်ပြန်၏။

မှန်ပေသည်။

ဒါကလဲ တကယ်ဖြစ်နိုင်သည်ပဲ။ သတင်းတွေမှာပင် မကြာခဏ ဖတ်နေရ ကြားနေရသည် မဟုတ်လား။ ဟိုက တကယ်လုပ်ထည့်လိုက်မှဖြင့် ကိုယ်ပါ ခိုင်းစေသူဆိုပြီး အထဲဝင်နေရဦးမည်။

"ဒါတော့ မဖြစ်ဘူးကွ၊ သူတို့က ပိုက်ဆံကိုလဲ အတော်များများတောင်းတယ်ပြောတယ်"

"အေး ဒါလဲဟုတ်သား"

"ဒါဖြင့် ဒီလိုလုပ်"

အောင်ထွန်းက စခန်းထပြန်သည်။

"ဘယ်လိုလဲ"

အောင်ထွန်း အားလုံးကို ဝေ့ကြည့်ကာ

"ရုပ်ရှင်ထဲက လူကြမ်းတွေငှားမယ်"

"ဘာ"

"ဘယ်လို"

အားလုံးအံ့အားသင့်ကုန်၏။ အောင်ထွန်းမှဆက်၍

"ရုပ်ရှင်ထဲက လူကြမ်းတွေဆိုတော့ လက်ဆကလဲ တိကျတယ်၊ သင်ပေးစရာလဲ မလိုဘူး၊ နောက်ပြီး ရုပ်တွေအနေနဲ့ကလဲ အလုပ်ဖြစ်ပြီးသားပဲပေါ့။ ဟုတ်ဖူးလား"

"အေး အဲဒါမဆိုးဘူး"

"ဟုတ်ပ၊ ဖြစ်နိုင်တယ်"

ထိုအကြံကို အားလုံးသဘောကျသွားသည်။

"ဒါနဲ့နေပါဦး၊ အဲဒီလူကြမ်းတွေကို ဘယ်လိုဆက်သွယ်ရမလဲ"

ဆန်းထူး၏အမေး။ အောင်ထွန်းက





"လွယ်ပါတယ်"

အားလုံး သူ့ကိုကြည့်သည်။

"ကိုလူချောတို့အဖွဲ့ကို ဆက်သွယ်လိုက်တာပေါ့"

× × ×



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရှေ့တွင် မြန်မာဗီဒီယိုလူကြမ်းများဖြစ်သော လူကြမ်းကြီးနက်မှောင်၊ ဓားစိုးကြီး၊ ဗိုက်ပူနဲ့ ထွေးတို့ရှိနေသည်။ ရုပ်တွေကတော့ တကယ့်လူမိုက်ရုပ်အပြည့်။ လူပုံတွေက ခပ်ရှိုးရှိုး။

ဆန်းထူးတို့က လူပုံကြည့်ပြီးကို ကြောက်နေမိသည်။ နောက်မှ ရုပ်ရှင်ထဲကလူကြမ်းတွေပါဟုတွေးရင်း အားတင်းရင်း

"အဟမ်း ဟိုလေ ခင်ဗျားတို့က လူကြမ်းတွေ သေချာတယ်နော်"

"မင်း ဘာစကားပြောတာလဲ"

"ဟမ်"

အသံကျယ်ကျယ်ထအော်တဲ့ ဓားစိုးကြီးအသံကြောင့် ဆန်း





ထူးတို့အဖွဲ့ ကြောင်သွားသည်။ ဒါကို ဓားစိုးကြီးက

"ဒီမှာ မင်းတို့က ငါတို့ကို မယုံလို့လား၊ ဟုတ်လား၊ အသက်ပါသွားချင်လားပြော၊ ဒီမှာကြည့်စမ်း"

ဆွဲထုတ်လာသောဓား။ ဓားကိုမြင်တော့ ဆန်းထူးတို့တုန်တက်သွားသည်။ စိတ်ထဲတွင်လဲ သူတို့ခိုင်းတာလုပ်ဖို့မဟုတ်ဘဲ အိမ်ကိုအနုကြမ်းဝင်စီးပြီလားဟု ခေါင်းနပန်းကြီးမိ၏။ ထို့ကြောင့်

"ဟို ဟိုလေ"

"စကားပြောရင် ဆင်ခြင်ပြော၊ ဒီဓားကို ဗိုက်ထဲထိုးထည့်ပြီး သံချေးတက်မှ ပြန်ဆွဲထုတ်လိုက်မယ်၊ ဘာမှတ်လဲ"

"ဟင် ဟင် တ တ. . တကယ်ကြီးလားဟင်"

ဆန်းထူးတို့လူစု သေးထွက်မတတ်ပင် ဖြစ်နေသည်။ ခေါင်းညိတ်ရမလား၊ ခေါင်းခါရမလား မသိ။ တကယ်လား နောက်နေတာလားလဲ မခွဲတတ်။ ထိုတော့မှ ဓားစိုးကြီး မျက်နှာလေးပြန်ရှိုပြီး

"ယုံပြီလား ဆရာ"

"ဟင်"

အခုတော့လဲ မျက်နှာငယ်လေး။ ခုနကနဲ့ တခြားစီ။ တကယ်မဟုတ်မှန်းသိမှ ဆန်းထူးတို့လဲ မျက်နှာပြန်တည်နိုင်သည်။ ထိုတော့မှ ဆန်းထူးတို့လဲ နေသာထိုင်သာရှိပြီး

"အဟမ်း ယုံ ယုံပါပြီ၊ အဲ ဒါပေမယ့် ဟိုကောင်မလေးကိုတော့ ပွဲကြမ်းရမယ်နော်"

"ဘာ"

"ဟဲ့ ပလုတ်တုတ်"

အသံနက်ကြီးနှင့် ထအော်သော နက်မှောင်အော်သံကြောင့် ဆန်းထူးတို့ ပြန်တုန်တက်သွားပြန်၏။ နက်မှောင်၏မျက်နှာသည် တင်းမာနေသည်။ မျက်လုံးက နီရဲနေသည်။ သူတို့ကို လက်ညှိုးထိုးပြီ



www.burmeseclassic.com

www.burmeseclassic.com



ဝေါဟာရထိုးတာ

"ဒါ ခင်း ငါတို့ပညာကို အထင်သေးတာလားဟေ့ကောင်၊ ခင်း ငါတို့ကို ဘာစကားပြောလိုက်တာလဲ ဟေ့ကောင်"

"ဟင် ဟင်"

နက်မှောင်၏ အမူအယာကြည့်ပြီး ဆန်းထူးတို့ ကတုန်ကယင် ဖြစ်သွားသည်။ ခုနက မထွက်ခဲ့သောသေး၊ အခုမှ ထွက်ကျမတတ် ဖြစ်သွား၏။

"လူကိုစော်ကားရင်စော်ကား၊ ပညာကိုတော့ မစော်ကားနဲ့ ဟေ့ကောင်၊ တယ်လေ ငါလုပ်လိုက်ရ တောက်"

နက်မှောင်လက်မြှောက်တက်လာ၏။

"ကိုနက်မှောင် စိတ်လျှော့ စိတ်လျှော့"

နက်မှောင် ပြေးထိုးမလိုလုပ်နေ၍ ဗိုက်ပူတို့ ငထွားတို့က ပြေးဆွဲရ၏။ ဆန်းထူးတို့မှာ ထပြေးရမလား ဝပ်ပဲနေရမလားမသိ ဖြစ်နေမိသည်။ သူတို့ရဲ့ပညာကို စော်ကားမိ၍ တကယ်စိတ်ဆိုးသွားတာလားမသိ။ ထိုတော့မှ နက်မှောင်က ကိုယ်လေးရှို့ပြီး

"အဲ အဲလောက်ဆိုရပြီလားခင်ဗျာ"

"ဗျာ အဲ အဲလို"

ဆန်းထူး မယုံရဲသေးဘဲ အသေအချာပြန်ကြည့်သည်။ နောက်မှ

"ဟူး"

သက်ပြင်းချမိသည်။ နောက်နည်းနည်းခြိမ်းခြောက်လျှင် နှလုံးရပ်ပြီး သေသွားဖွယ်ရှိသည်။ ထို့ကြောင့် ရင်ဘတ်ဖိပြီး

"ရပါပြီ၊ ရပါပြီ၊ ကဲ အလုပ်အကြောင်းပြောရအောင်"

"ဟုတ်ကဲ့ပါခင်ဗျာ"

ထူးနိုင် ဓာတ်ပုံတွေထုတ်လိုက်သည်။





"ခင်ဗျားတို့ ခြိမ်းခြောက်ရမှာ ဒီကောင်မလေးပဲ"

ကသစ်နှင့်မြူနှင်းတို့ နှစ်ယောက်တွဲပုံထဲကမှ ကသစ်ပုံပြလိုက်သည်။

"သူ့ရဲ့နေရပ်လိပ်စာက ဒီမှာ"

နေရပ်လိပ်စာပါ ပေးလိုက်သည်။

"ခင်ဗျားတို့ သူ့ကို လုံးဝကြောက်သွားအောင် ခြိမ်းခြောက်ပေးရမယ်"

"စိတ်ချပါခင်ဗျာ၊ ခုနကလဲ မြင်ပြီးပြီဆိုတော့ ယုံလိုက်ပါ"

ငထွားစကားကို ဆန်းထူးခေါင်းညိတ်သည်။

"ယုံပါပြီ၊ ကဲ အဲဒီအတွက် ဘယ်လောက်ပေးရမလဲ"

လူကြမ်းကြီးများ တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်ကြသည်။ ပြီးမှ လူကြမ်းခေါင်းဆောင်နက်မှောင်က ခန္ဓာကိုယ်လေးရှို့ပြီး

"ဒေါ်လီးကြေးလေးပဲ ပေးပါခင်ဗျာ"

"ဒေါ်လီးကြေး"

ဆန်းထူးတို့ မျက်မှောင်ကြုတ်သွားပြန်သည်။ ရုပ်ရှင်အသုံးအနှုန်းကို သူတို့က သိမှမသိတာကို။

"ဒေါ်လီးကြေးက ဘယ်လောက်လဲ"

လူကြမ်းကြီးများ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး

"ဒေါ်လီးကို ကျွန်တော်တို့တစ်ယောက်တစ်သောင်း ယူပါတယ်၊ ဒိုင်ယာလော့ခ်မပါရင်တော့ ခုနစ်ထောင်ပါ"

ထူးနိုင်တို့ ပြုံးချင်ချင်ဖြစ်သွားသည်။ ပေးရမှာက ထင်မှတ်ထားသည်ထက် အများကြီးပိုနည်းနေသည်ကိုး။ ထို့ကြောင့်

"ထားပါ၊ ထားပါ၊ တစ်ယောက်တစ်သောင်း ဟုတ်ပြီလား"

လူကြမ်းကြီးများ ပြုံးသွားသည်။ ဒါကို ဗိုက်ပူက သူ့ဗိုက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ရှပ်ပြီး

"ရွှတင်ထမင်းကရော"

"ရွှတင်ထမင်း၊ ဩော် ထမင်းဖိုးကို ငါးထောင်စီပိုယူသွား၊ ဟုတ်ပြီလား"

လူကြမ်းကြီးများ ပျော်သွားသည်။ ဒါကို ဆန်းထူးက

"တဲ ဒါဆို အပီအပြင်ကြမ်းမှာနော်"

"မင်းဘာပြောတာလဲ ဟေ့ကောင်"

ထိုစကားနှင့်အတူ ထွေးခုန်ထွက်လာ၍ တစ်ယောက်ကို တစ်ယောက် ဖက်ထားမိကြသေး၏။ နောက်မှ သတိရပြီး

"အာ ယုံပါပြီ၊ ဟိုရောက်ရင်သာ ကြမ်းဖို့မမေ့နဲ့"

"စိတ်ချပါခင်ဗျာ၊ စိတ်ချပါ၊ ထင်တာထက် ပိုကြမ်းစေရပါ့မယ်"

ဆို၍..

× × ×





ဆန်းထူး ယခုမှ သက်ပြင်းချမိသည်။

"ဟူး ငါတို့ရွေးချယ်တာ မှန်သွားပြီထင်တယ်"

သူ့စကားကို အောင်ထွန်းက

"မှန်ရမှာပေါ့ကွာ၊ ဒါငါ့အကြံပဲ"

"အေး ဒါပေမယ့် သူတို့ရဲ့ပြန်ပြောတဲ့ စကားကိုတော့ ပြန်နားထောင်ရဦးမယ်"

သန်းနိုင်က ဝင်ထောက်သည်။ ဒါကို ဆန်းထူးကပြုံးပြီး

"အဲဒီကောင်မ လန့်ပြီးအသက်မထွက်သွားအောင်သာ ဆုတောင်းပေးရမှာပဲ"

သူ့စကားကို ဆက်နိုင်က



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ၊ ဒီကောင်မ မေ့လဲတာတို့ ဘာတို့ဖြစ်ရင် ဘယ့်နှယ် လုပ်မလဲ"

ဆန်းထူး မျက်မှောင်ကြုတ်သွားသည်။

"သူတို့နည်းသူတို့ဟန်တော့ ရှိမှာပဲ၊ အဲ မေ့လဲသွားလဲ ခပ်ကောင်းကောင်းပဲ၊ ဒါမှ ဒီကောင်မ နောင်ကျဉ်မှာ၊ ငါ့ကို နောင် မနှောင့်ယှက်ရဲမှာ"

အားလုံးခေါင်းညိတ်ကြသည်။

"အေးကွာ၊ သတ္တဝါနဲ့လက်နက်နဲ့ မမျှမှာပဲ စိုးရိမ်ရတယ်"

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။

ဘာစကားမှတော့ ထပ်မဆက်တော့။ အခြေအနေကို သိချင်၍ စိတ်စောနေကြပုံ။

အခြေအနေကား. .

× × ×





နက်မှောင်ဦးဆောင်၍ တိုက်ခန်းတစ်ခုကို တက်သွားသည်။

သူတို့ပုံက မြန်မာလူကြမ်းများပီပီ ကုတ်အင်္ကျီအစုတ်နှင့် လက်အိတ်စုတ်နှင့် မျက်မှန်နက်နှင့်။

အခန်းတစ်ခုရှေ့ရောက်တော့ နောက်မှလူများကို နက်မှောင် က

"ဒီအခန်းပဲ"

မှန်ပေသည်။ လိပ်စာထဲ ဖော်ပြထားသော အခန်းပင်။ နက်မှောင် နောက်မှလူများကို ပြန်ငဲ့ကြည့်ပြီး

"ကဲ ပီပြင်ပါစေနော်၊ ဒေးလီးကြေးယူပြီး အလုပ်မဖြစ်တာ မဖြစ်စေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ဓားစိုးကြီးက ရင်ကော့၍

"ဝါရင့်ပါကွာ၊ ဒါမျိုး ဇာတ်တိုက်စရာမလိုပါဘူး"

နက်မှောင်က အရှေ့ဖက်ပြန်လှည့်ရင်း

"ဒါဆို မျက်နှာကိုတင်ထား၊ အပြင်က တကယ့်လူမိုက်နဲ့တူပါစေ"

အားလုံးမျက်နှာတင်လိုက်သည်။ မှန်၏။ ဒီမျက်နှာမျိုးက လူမိုက်ပင်ဖြစ်ရမည့် မျက်နှာမျိုးတွေ။ အားလုံးအားရမှ နက်မှောင်က

"အထဲဝင်မယ်"

ဆိုကာ တံခါးကိုခေါက်လိုက်သည်။

"ဒေါက် ဒေါက် ဒေါက်"

တံခါးက ရုတ်တရက်ပွင့်မလာ။ ရုပ်ကိုမချသေးဘဲ တံခါးကို ထပ်ခေါက်လိုက်သည်။

"ဒေါက် ဒေါက် ဒေါက်"

ကလစ်ခနဲ တံခါးဖွင့်သံ ကြားရသည်။ နက်မှောင်တို့အဖွဲ့ ရုပ်ကိုအမြင့်ဆုံးတင်ထားလိုက်ကြ၏။ ကြမ်းရတော့မည်ကိုး။ ထို့ကြောင့်

ဖျတ်ခနဲပွင့်လာသောတံခါး။

"ဟင်"

လက်ဖက်ရည်တစ်ခွက်ကိုင်ထားသော မိန်းကလေးတစ်ယောက်။ သူတို့ကိုမြင်တော့ အံ့အားသင့်နေပုံရ၏။ ကြောင်ပြီးကြည့်နေ၏။ နက်မှောင်တို့လဲ အကဲခတ်ကြည့်၏။ မှန်သည်။ ဆန်းထူးပြခဲ့သော ဓာတ်ပုံထဲက ကသစ်ဆိုသည့်ကလေးမပင်။ ထို့ကြောင့် မာန်ကိုတင်းပြီး

"ဒီမှာ"

"ဟယ်"

သူပင်စကားမစလိုက်ရ၊ အာမေဋိတ်သံနှင့်အတူ ဝမ်းသာ







ဦးတို့ ဒီ အတိုင်းလုပ်ရခက်ရင်
သမီး ကင်မရာနဲ့
ဗီဒီယိုရိုက်ထားပေးမယ်၊
ဦးတို့လဲ စိတ်ကြိုက်သရုပ်ဆောင်၊
သမီးလဲ
အစွမ်းကုန်ကြိုးစားကြောက်ပြမယ်၊
ဘယ့်နှယ်လဲ"

အားရနှင့် ကောင်မလေးပုံက ပြုံးသွားသည်။ နောက် အားရဝမ်းသာဖြင့်

"ရုပ်ရှင်ထဲကလူကြမ်းတွေ"

"ဟင်"

"ဟာ"

ကောင်မလေးစကားကြောင့် အားလုံးကြောင်သွားကုန်၏။ ရုပ်ကြီးတင်ထားပြီး ဘာလုပ်လို့လုပ်ရမှန်းမသိတော့။

"ဟယ် လူကြမ်းကြီးတွေ၊ ဘယ်ကဘယ်ကို လာတာလဲဟင်"

ကသစ်အမေးကို နက်မှောင်က အူကြောင်ကြောင်နှင့်

"ဒီ ဒီကိုလာတာပဲ၊ ဒီလာတာ"

ကသစ်မှာ ထခုန်မတတ် ဝမ်းသာသွားပြီး

"ဟယ် ဝမ်းသာလိုက်တာ၊ ဒီကိုလာတာ၊ သမီးက ဦးတို့ကို အပြင်မှာ တွေ့ဖူးချင်နေတာ၊ သမီးက ဦးတို့ရဲ့ပရိသတ်ဗျ"

သူတို့ပရိသတ်ဖြစ်နေ၍ နက်မှောင်တို့လဲ ဘာလုပ်ရမှန်းမသိ။ သူတို့လို လူကြမ်းတွေမှာ ပရိသတ်က ရှိခဲလှတာကိုး။ အခုလို အစာခံပရိသတ်နှင့်တွေ့နေတော့ သာယာပြီး ပြုံးလိုက်ချင်သလို ဖြစ်နေမိ



www.burmeseclassic.com

www.burmeseclassic.com



၏။ ဒါကို ကသစ်က

"လာလေ၊ ဒီကိုလာတာဆို အိမ်ထဲဝင်လေ၊ လာပါ အားမနာပါနဲ့၊ သမီးက ဦးတို့ကားတွေဆို မလွတ်တမ်းကြည့်တာ"

သူတို့ကိုပါ ဖိတ်ခေါ်နေတော့ အူကြောင်ကြောင်နဲ့ လူမိုက်ကြီးများ လှမ်းဝင်လိုက်ကြရသည်။ ဒါကို ကသစ်က

"သမီးကလေ ရုပ်ရှင်ကြည့်ရင် အက်ရှင်ကားတွေမှကြည့်တာ၊ ဦးတို့အမြဲပါတဲ့ကားတွေပေါ့၊ တစ်နေ့က ဦးတို့ပါတဲ့ မိချောင်းနက်ဆိုတဲ့ကား ကြည့်လိုက်သေးတာ ဖိုက်တင်တွေက တအားမိုက်တာပဲ၊ ဦးနက်မှောင်ကြီး ထိုးခံထိတဲ့အခန်းဆို ကြည့်မဝဘူး၊ ဟူးဟူး"

အတင်းရေပက်မဝင်အောင် ပြောနေ၍ လူကြမ်းကြီးတွေ အနေခက်နေရလေသည်။

"ဟိုတလောကကြည့်ရတဲ့ တိမ်ပလာဆိုတဲ့ကားမှာလဲလေ ဘေးဦးစိုးကြီးမျက်ခွက်ကြီးကို မင်းသားဖြတ်ကန်ထည့်လိုက်တာလေ၊ အားရလိုက်တာ သိလား၊ ဖြောင်းခနဲဆို သမီးတောင်ယောင်ပြီး ခြေထောက်မြှောက်မိတယ်"

စိုးကြီးက သူပင်ဖြစ်ကြောင်း ပြုံးပြီးခေါင်းညိတ်ပြမိမလို ဖြစ်သွား၏။

"ဦးဗိုက်ပူနဲ့ ဦးထွားတို့ကတော့ ပါပြီဆိုတာနဲ့ စကားမပြောရဘူးနော်၊ တန်းထိုးထိတာပဲ၊ အားရတယ်ဗျာ၊ ဟီးဟီး"

သူတစ်ယောက်တည်း ဦးဆောင်ပြောနေ၍ ကျန်သည့်သူများ ဘာပြောရမှန်းမသိ။ ဒါကို ကသစ်ကပင်

"ဒါနဲ့ ဒီကိုဘာလာလုပ်တာလဲဟင်၊ ရုပ်ရှင်ရိုက်ဖို့ပဲလား"

သူကမေးမှ နက်မှောင်က သတိရပြီး ခေါင်းကုတ်မိသည်။ နောက်မှ ရှက်ကိုးရှက်ကန်းနှင့်

"ဟို ဟိုလေ"





စကားက ရုတ်တရက်ပြောမထွက်။ သူတို့ပရိသတ်မို့ ဘာဆက်ပြောရမှန်းမသိ။ ဒါကို ကောင်မလေးကပင်

"ပြောပါ၊ ပြောပါ၊ အားမနာနဲ့၊ စိတ်ထဲရှိတာပြော"

ဘေးစိုးကြီးက နက်မှောင်ကို တံတောင်နှင့်တွတ်သည်။ ထိုတော့မှ နက်မှောင်ခေါင်းကုတ်ပြီး စပ်ဖြဲဖြဲနှင့်

"ဟို ဟိုလေ လာ. လာခိုးခြောက်တာ"

"ဟင်"

နက်မှောင်စကားကြောင့် ကသစ် ကော်ဖီခွက်ကို သောက်မည်ပြုပြီးမှ မျက်မှောင်ကြုတ်၍ ငြိမ်သွားသည်။ နောက်မှ သတိရဟန်ဖြင့်

"နေပါဦး၊ ဘယ်သူ့ကို ခြိမ်းခြောက်မှာလဲ"

သူမအမေးကို နက်မှောင်က ရှက်ကိုးရှက်ကန်းနှင့် လက်ညှိုးတိုတိုလေးထိုးကာ

"သူ့ကို"

ကသစ် မျက်မှောင်ကြုတ်သွား၏။ နောက်မှ

"နေပါဦး၊ ဘယ်သူက ခြိမ်းခြောက်ခိုင်းတာလဲ"

ထွားက သူ့ခန္ဓာကိုယ်ထွားထွားကို ကျုံ့ပြီး

"ဦးဆန်းထူးတဲ့"

"ဆန်းထူး"

နာမည်ကြားတော့ ကသစ်ကြောင်ပြီး ငြိမ်သွားသည်။ နောက်မှ ရေရွတ်ဟန်ဖြင့်

"ဆန်းထူး"

ထပ်ရေရွတ်သည်။ နောက် အားလုံးကိုဝေ့ကြည့်ပြီး

"ဘယ်လောက်ပေးလဲ"

ဗိုက်ပူက ဗိုက်လေးရှုပ်ပြီး လက်ကလေးတစ်ချောင်း ရှုံ့ရှုံ့



www.burmeseclassic.com

www.burmeseclassic.com



ကလေးထောင်ကာ

"ဒေးလီးကြေး တစ်ယောက်တစ်သောင်း"

"တစ်သောင်း"

ကသစ်က လိုက်လံရေရွတ်သည်။ ပြီးနောက် ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားနေပုံရသည်။

ဟိုလေးယောက်က ဘာဆက်လုပ်ရမှန်းမသိဘဲ ကသစ်ကိုသာ ငေးကြည့်နေကြသည်။

"အဲဒါလေ၊ မြိမ်းခြောက်ရရင် ကောင်းမလားလို့ ဒေးလီးကြေးပေးရတန်အောင် ဟီးဟီး"

ကသစ် မျက်မှောင်ကြုတ်နေ၏။

သူတို့လဲ သူတို့ပရိသတ်ဖြစ်နေ၍ လာရင်းကိစ္စလုပ်ဖို့ မဝံ့မရဲဖြစ်နေပုံရသည်။ အတန်ကြာမှ ကသစ်မျက်နှာ ဝင်းလက်သွားပြီး

"ဟာ ဒါဖြင့် ဒီလိုလုပ်"

အားလုံး ကသစ်ကို ဝိုင်းကြည့်ကြသည်။ ကသစ်က အားလုံးကို ဝေ့ကြည့်ပြီး

"ဒေးလီးကြေးလဲ ယူပြီးပြီမဟုတ်လား"

"ထမင်းဖိုးငါးထောင်ပါ"

ခေးစိုးကြီး ဖြတ်ပြောသည်။

"ဒါဖြင့်ရင် မခြိမ်းခြောက်ဘဲ ပြန်သွားရင် ဟိုကငွေပြန်တောင်းမှာပေါ့"

"ဟုတ် ဦးတို့ထမင်းငတ်ပြီ"

"ဆောလူးပြတ်ပြီ"

ငထွားက ပါးစပ်ထဲ လက်ထိုးထည့်ဟန်ပြပြီးပြောသည်။ ဒါကို ကသစ်က ဝမ်းသာဟန်ဖြင့်

"ဒါဖြင့် ဦးတို့လဲ ခြိမ်းခြောက်သွား"





"ဘာ ဘယ်လို"

ကသစ်စကားကြောင့် အားလုံးအံ့အားသင့်သွားသည်။ ကသစ်က အားတတ်သရောဖြင့်

"ဟုတ်တယ်လေ၊ ဦးတို့လဲ ဒေးလီးကြေးယူထားပြီးပြီဆိုတော့ တာဝန်ကျေအောင် ဦးတို့လဲ ခြိမ်းခြောက်၊ သမီးလဲ ဦးတို့ပရိသတ်ဆိုတော့ ကြောက်ပြပါ့မယ်၊ ဦးတို့သရုပ်ဆောင်တာလဲ သမီးမျက်ဝါးထင်ထင် မြင်ရတာပေါ့"

လူကြမ်းကြီးများ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ဒါကို ကသစ်ကသာ ဦးဆောင်၍

"ဩော် ဦးတို့ဘာမှ စိတ်မပူပါနဲ့၊ ဒါဖြင့် ဒီလိုလုပ်၊ ဦးတို့ ဒီအတိုင်းလုပ်ရခက်ရင် သမီး ကင်မရာနဲ့ ဗီဒီယိုရိုက်ထားပေးမယ်၊ ဦးတို့လဲ စိတ်ကြိုက်သရုပ်ဆောင်၊ သမီးလဲ အစွမ်းကုန်ကြိုးစားကြောက်ပြမယ်၊ ဘယ့်နှယ်လဲ"

ဇဝေဇဝါနှင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ လုပ်သင့်မလုပ်သင့် စဉ်းစားနေကြပုံ။ ဒါကို ကသစ်က အားလုံးရှေ့တိုးပြီး

"လိုအပ်ရင် ဒေးလီးကြေးထပ်ပေးမယ်"

"လုပ်မယ်"

ဒေးလီးကြေးအသံကြားသည်နှင့် သံပြိုင်ပေါ်ထွက်လာသောအော်သံ။ ဒါမျိုးကျ ဆုံးဖြတ်ချက်က မြန်သား။ ကသစ်က လက်ဖျောက်တီးပြီး

"စိန်လိုက်လေ"

အားလုံး လက်ဝါးရိုက်သံ ဖြောင်းခနဲ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကသစ် ကင်မရာကို အသေအချာထောင်ထားလိုက်သည်။ ပြီးနောက် ကိုယ်နေဟန်ထားပြင်ပြီး အသံကျယ်ကျယ်ဖြင့်

"ဆင်း(န်)ဝမ်း ကဒ်ဝမ်း အက်ရှင်"

တံခါးခေါက်သံ။

"ဒေါက် ဒေါက် ဒေါက်"

"လာပြီ"

ကသစ်အော်သံ။ တံခါးဖွင့်လိုက်သည်နှင့် ဝင်လာသော လူစိမ်းလေးဦး။

"ဟင် ရှင်တို့ ရှင်တို့"

နက်မှောင်စကားစသည်။





"ကသစ်ဆိုတာ မင်းလား"

"ဟုတ် ဟုတ်ပါတယ်ရှင်"(ကြောက်ရွံ့ဟန်)

"မင်းအသက်မသေချင်ရင် အနေအထိုင်ဆင်ခြင်"

"ရှင်"(အံ့သြဟန်)

စိုးကြီး ဓားနှင့်ဝင်

"မင်း ဆက်ပြီး တို့သူဌေးဆန်းထူးကို ထပ်ပြီးနှောင့်ယှက်နေမယ်ဆို ဟောဒီမှာတွေ့လား ဓား"

"ရှင် ရှင်"

"ဟောဒီဓားနဲ့ မင်းဗိုက်ထဲထိုးသွင်းပြီး သံချေးတက်မှ ငါလာပြန်ထုတ်မိမယ်"

ကသစ်က လက်ကလေးရှေ့ကာပြီး

"မလုပ်၊ မလုပ်ပါနဲ့ရှင်၊ ကြောက်ပါတယ်"

"ဒါတင်ပဲလား"

ဗိုက်ပူရှေ့ထွက်လာ။

"ဟောဒီ မင်းရဲ့အိမ်ကိုလဲ မီးရှို့ပြီး မင်းကိုပါ ငါတို့ဖျောက်ဖျက်ပစ်ရမယ်၊ မှတ်ထား"

ကသစ် ကတုန်ကယင်နှင့်

"ဟုတ် ဟုတ်ကဲ့ပါရှင်၊ ကြောက်ပါပြီ"

ထွေးအလှည့်

"မင်းသိထားဖို့က ငါတို့က တို့ဆရာဆန်းထူးအတွက်ဆို လက်ဘွန့်နေမှာမဟုတ်ဘူး၊ ပြန်ပေးဆွဲသင့်ဆွဲရမှာပဲ"

"ကြောက်ပါတယ်ရှင် မလုပ်ပါနဲ့"

နက်မှောင် ရှေ့ပြန်ထွက်လာ။

"ဒီစကားတွေ မင်းမှတ်ထား၊

"ဟုတ် ဟုတ်ကဲ့ ကြောက်ပါပြီရှင်၊ ကြောက်ပါပြီ အဟင့်"



www.burmeseclassic.com

www.burmeseclassic.com





ဒါနဲ့
ဦးတို့ သမီးကို
လာပြီးခြိမ်းခြောက်သွားတယ်ဆိုတာ
ဒီအတိုင်းပြန်ပြီး
သွားပြောရင် ဆန်းထူးတို့က
ယုံပါ့မလား"

ကသစ် မျက်ရည်တွေပါ လည်ကုန်၏။ ဒါကို နက်မှောင်က

"ကဲ ဒါပဲ၊ လာ သွားမယ်"

"ဟုတ် ဟုတ်ကဲ့ရှင်"

အားလုံးပြန်ထွက်။

"ကဒ်"

ကသစ်၏အားရဝမ်းသာအော်သံ။

နက်မှောင်တို့အဖွဲ့ ပြန်ပြေးဝင်လာပြီး

"အဆင်ပြေရဲ့လား ညီမလေး"

ကသစ်က လက်ညှိုးနှင့်လက်မ ဝိုင်းပြပြီး

"အိုကေ"

နက်မှောင်တို့အဖွဲ့လဲ ရိုဟာဇယ်မပါဘဲ တစ်ကဒ်တည်းပြီး သွား၍ ဝမ်းသာသွားသည်။

"တွေ့လား ကိုယ်တို့က ဝါရင့်တွေပါ"

နောက် ကသစ်ကိုလဲ လေးစားကာ

"ညီမလေးလဲ တော်ပါတယ်၊ မင်းသမီးလုပ်ရင် အကယ်ဒမီ အစောကြီးရမှာ သိလား"





"ဟုတ်လား၊ အကယ်ဒမီရရင် ဦးတို့နဲ့ ဧည့်ခံပွဲလုပ်ရမှာပေါ့ နော်"

"ဒါပေါ့ ညီမလေးရဲ့၊ ခုနက ညီမလေးကြောက်နေတဲ့ပုံကြည့်ပြီး တကယ်ကြောက်နေတယ်မှတ်လို့ ဦးတို့တောင်ဆက်မဟောက်ရဲဘူး၊ တော်ကြာ သေးပါထွက်ကျလာမှာစိုးလို့"

"တကယ်လား၊ တကယ်ပီပြင်လို့လား"

"တကယ်ပေါ့"

အရေးထဲ အဖွဲ့ကျနေသေး၏။ နောက်တော့မှ

"ကဲ ကဲ ဦးတို့လဲ ကိစ္စပြီးပြီဆိုတော့ ပြန်တော့မှာ"

"ပြန်တော့မှာလား ဒီလိုလုပ်ပါလား"

"ဘယ်လိုလဲ"

"လစ်ချင်လဲ လစ်လိုက်တော့လေ"

"လစ် လစ်ပါ့မယ်၊ ဟိုဟိုလေ ဒေးလီးကြေးလေး"

"ဪ ဟုတ်သား၊ ခဏစောင့်၊ မနေ့ကလိုက်တောင်းထားတဲ့ ပိုက်ဆံတွေရှိတယ်"

ကသစ်က မနေ့က ဆန်းထူးအိမ်ရှေ့ ထိုင်တောင်းထားသော ပိုက်ဆံသွားယူပေးသည်။ ပြီးမှ

"ဒါနဲ့ ဦးတို့ သမီးကို လာပြီးခြိမ်းခြောက်သွားတယ်ဆိုတာ ဒီအတိုင်းပြန်ပြီး သွားပြောရင် ဆန်းထူးတို့က ယုံပါ့မလား"

ကသစ်စကားကြောင့် အားလုံးခေါင်းကုတ်ကုန်၏။ မှန်၏။ ဒါလဲ အရေးကြီးသည်မဟုတ်ပါလား။ ဟိုကမယုံဘဲ ဒေးလီးကြေးမထုတ်ပေးလျှင် မည်သို့လုပ်မည်နည်း။ ထို့ကြောင့်

"အဲ ဟုတ်သားပဲ၊ မယုံလို့ ဒေးလီးကြေးမပေးရင် ဘယ်လိုလုပ်မလဲ"

"ဟုတ်တယ်၊ သူတို့မမြင်ရဘူးလို့ငြင်းရင် ပြဿနာ"

www.burmeseclassic.com



သူတို့စကားကို ကသစ်က
"ဘာမှမပူနဲ့၊ သမီးခွေခုတ်ပေးလိုက်မယ်"
အားလုံးဝမ်းသာသွားသည်။ သက်သေရပြီကိုး။
"ဟုတ်တယ်၊ အဲဒီအကြံကောင်းတယ်"

× × ×

ဒိုး : မိုး : ၈ ၁ ၆ ပ



ဆန်းထူးတို့အဖွဲ့လဲ လူကြမ်းနက်မှောင်တို့ကို စောင့်ရသည်မှာ ဖင်တကြွကြွဖြစ်နေကြသည်။ အဆင်ပြေပါ့မလားဆိုသောအတွေးက မချင့်မရဲ ဖြစ်စေ၏။ အဆင်မပြေလျှင် သူ့ဘဝကလဲ သွားပြီမဟုတ်လား။ မျှော်တုန်းမျှော်ဆဲ၌ပင် နက်မှောင်တို့အဖွဲ့ ပြန်ရောက်လာ၏။ စောင့်မနေနိုင်သော ဆန်းထူးကသာ ပြေးသွားပြီး

"ဘယ့်နှယ်လဲ ဘယ့်နှယ်လဲ အဆင်ပြေရဲ့လား"

သူ့အမေးကို လူကြမ်းခေါင်းဆောင်နက်မှောင်က ပြုံးပြီး အိမ်ဆဲလှမ်းဝင်ရင်း

"အဆင်မပြေဘဲ ရှိပါ့မလား ကိုဆန်းထူးရာ၊ နက်မှောင်တို့က ဝါရင့်တွေပါ"

မိုး : မိုး : ၈ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဆန်းထူးက မနေနိုင်မထိုင်နိုင်ဖြင့်

"သူ ကြောက်ရောကြောက်သွားရဲ့လား၊ ကြောက်ရောကြောက်ခဲ့လား"

နက်မှောင် အားရပါးရပြုံးပြီး

"အသေအချာသိချင်ရင် အခွေသာကြည့်လိုက်"

"ဟင် အခွေ"

ဆန်းထူးအံ့အားသင့်သွား၏။ ဒါကို နက်မှောင်က ခေါင်းညိတ်ပြီး

"မသေချာမှာစိုးလို့ အခွေပါရိုက်လာပေးတယ် ဖွင့်ကြည့်လိုက်"

ဆိုကာ ကသစ်ကိုပေးလိုက်သောခွေကို ကြည့်လိုက်ကြသည်။ ခွေကိုကြည့်ရင်း ဆန်းထူးက

"ဟင် ဒီလိုလား၊ ပြစမ်း မြန်မြန်၊ ကြည့်ရအောင်"

ဆိုကာ ခွေကို ထိုးကြည့်လိုက်သည်။ ခွေဖတ်နေသည်ကိုပင် စိတ်လောပြီး စိတ်မရှည်ချင်။ သိပ်မကြာပါ။

"ဟင် ရှင်တို့ ရှင်တို့"

"ကသစ်ဆိုတာ မင်းလား"

"ဟုတ် ဟုတ်ပါတယ်ရှင်"

"အသက်မသေချင်ရင် အနေအထိုင်ဆင်ခြင်"

"ရှင်"

"မင်း ဆက်ပြီး တို့သူငွေးဆန်းထူးကို ထပ်ပြီး နှောင့်ယှက်နေရင် ဒီမှာတွေ့လား ဓား"

"ရှင် ရှင်"

"ဟောဒီဓားနဲ့ မင်းဗိုက်ထဲထိုးသွင်းပြီး သံချေးတက်မှ ငါလာပြန်ထုတ်မိမယ်"





"မလုပ် မလုပ်ပါနဲ့ရှင် ကြောက်ပါပြီ"

အခွေကိုကြည့်ပြီး ဆန်းထူးအားရသွားသည်။

"ဒါပဲပေါ့၊ အခုတော့ ဘာတတ်နိုင်သေးလဲ၊ ကြောက်တာသေးတောင်ထွက်တော့မယ် ကြည့်စမ်း"

သူ့စကားကို ဆက်နိုင်ကပါ

"အေးကွာ၊ သူ့ကိုကြည့်ပြီး ငါတောင်သနားတယ်"

အောင်ထွန်းကလဲဝင်၍

"ဟဲဟဲ ဒီလိုပဲဖြစ်ရမှာပေါ့၊ ကိုနက်မှောင်တို့က ဝါရင့်တွေပဲ ဟုတ်ဖူးလား"

"ဟဲဟဲဟဲ"

နက်မှောင်တို့ပါ ဝိုင်းရယ်ပေး၏။ အားလုံး သူတို့လုပ်ရပ်ကို ကြည့်ပြီး သဘောတွေကျနေကြသည်။ ဆန်းထူးတို့အဖွဲ့လဲ သဘောကျပြီး လက်ချင်းရိုက်ကြတာ အကြိမ်ကြိမ်။ ဇာတ်ကားဆုံးမှ နက်မှောင်တို့အဖွဲ့က လက်ဝါးလေးဖြန့်ပြီး

"ဟဲဟဲ ကိစ္စပြီးရင် ဒေးလီးကြေးလေး"

ထိုတော့မှ ဆန်းထူးသတိရပြီး

"အိုး ဟုတ်တာပေါ့၊ ဒေးလီးကြေး"

ဆိုကာ သတ်မှတ်ထားသောပိုက်ဆံကို ထုတ်ပေးလိုက်သည်။

"ရော့ ဒီမှာ ဒေးလီးကြေးတစ်သောင်း၊ ထမင်းဖိုးက ငါးသောင်"

အားလုံး လိုအင်ဆန္ဒပြည့်၍ ဝမ်းသာကြသည်။ နက်မှောင်တို့က ဦးညွှတ်ပြီး

"ခွင့်ပြုပါဦးဆရာ၊ လိုအပ်ရင်ခေါ်ခိုင်းပါ"

နက်မှောင်၏စကား။ ဆန်းထူးက နက်မှောင်ပခုံးပုတ်ပြီး

"ခေါ်မယ်လေ၊ လိုအပ်ရင်ခေါ်မယ်၊ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ သွားပါပြီခင်ဗျ"

နက်မှောင်တို့အဖွဲ့ ထွက်သွားသည်။ ထိုတော့မှ ဆန်းထူးတို့လဲ အချင်းချင်းလက်ဝါးရိုက်ပြီး

"ဖြေရှင်းရခက်မယ်ထင်တဲ့ဟာ ငွေခြောက်သောင်းနဲ့ ပြတ်သွားပြီ"

အောင်ထွန်းက ပြုံးပြီး

"ကိုယ့်အကြံလေ၊ တစ်ခါတည်း ပွဲသိမ်း"

သူတို့ဘာသာသူတို့ ပျော်နေကြသည်။

နက်မှောင်တို့အဖွဲ့လဲ တစ်နေ့တည်း ဒေးလီးကြေးနှစ်ကြိမ်ရ၍ ပျော်နေကြသည်။

အားလုံးအပျော်များသာ။

သို့သော်. .

× × ×





တစ်ခါတစ်ရံ၌ လူများသည် မဖြစ်ချင်သည်များလဲ ကြုံရသည်မှာ ဓမ္မတာပင်။ သဘာဝတရား၌ပင် နှင်းဆီပန်းသည် သဇင်ပန်းဖြစ်ခွင့်မရ၊ စမ်းချောင်းရေသည်လဲ မိုးရေဖြစ်ခွင့်ရမည်မဟုတ်ပေ။ ထိုအတိုင်းပင်။

သေချာအောင် ကြိုတင်ကြံစည်ထားသော်ငြား တစ်စုံတစ်ခုသော အကြောင်းအရာများကြောင့် အကြီးအကျယ်လွဲချော်နေသည်များလဲ ရှိနိုင်ပေလိမ့်မည်။

ယခုလဲ အသေအချာ အကွက်ချစီမံခဲ့သူတစ်ယောက်သည်လည်း။

× × ×



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်ခင်း၌ ဆန်းထူးတစ်ယောက် လန်းဆန်းစွာနိုးလာသည်။ လမ်းမဖက်ကြည့်တော့လဲ သာသာယာယာ။

"ဒီနေ့တော့ ဘယ်သူမှ မနှောင့်ယှက်တော့ဘူး"

ဟု ကြည်နူးစွာပြုံးပြီး ကော်ဖီတစ်ခွက်ဖျော်ကာ သတင်းစာထိုင်ဖတ်နေလိုက်သည်။ ဘာရယ်မဟုတ်ဘဲ ထူးခြားသော သတင်းများကို အထူးအဆန်းသဖွယ် ဖတ်နေမိသည်။ တစ်နေရာအရောက်

"ဟာ"

လက်ထဲကိုင်ထားသောကော်ဖီခွက်ပင် ပြုတ်ကျမတတ်။

"ဘာဖြစ်တာလဲ"

သူ့မျက်လုံးကိုပင် ဇဝေဇဝါ။





သတင်းစာထဲ မြင်နေရသည်က

လူပျောက်ကြော်ငြာ

ကျွန်မသမီး ကသစ်နီ အသက်(၂၁)နှစ်သည် နေအိမ်မှ ပျောက်ဆုံးသွားပါ၍ တွေ့ရှိတ အမြန်အကြောင်းကြားပါရန်နှင့် လက်ခံထားသူအား ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

"ဟင် ဟင်"

ဆန်းထူး အံ့အားသင့်သွားရသည်။ ဘာကြောင့်ပျောက်သွားလဲ၊ သူမစဉ်းစားတတ်။ နောက်မှ သတိရပြီး

"ဒီကောင်မကြောက်ပြီး အိမ်ကထွက်ပြေးသွားပြီ"

ဟု ထင်လိုက်မိကာ အားရပါးရ ပြုံးလိုက်မိသည်။ နောက်စိတ်ထဲမှလဲ

"ဒီလိုပဲဖြစ်ရမှာပေါ့၊ ပယောဂမှန်ရင် ဘယ်နေလို့ရမလဲ၊ တုန်ဆင်းသွားတာပဲ မဟုတ်လား၊ အင်း ဦးနက်မှောင်တို့စွမ်းပဲ့"

ဟုတွေးပြီး အကြီးအကျယ် ကျေနပ်နေမိသည်။ ကော်ဖီခွက်က အခုမှ အရသာပါ ရှိလာသလို။ ထိုစဉ်မှာပင်

"တီတီတီ တီတီတီ"

တယ်လီဖုန်းမြည်သံ။ ကြည့်လိုက်တော့ မြူနှင်းဆီကဖုန်း။ ဆန်းထူးကောက်ကိုင်လိုက်သည်။

"ဟဲလို"

တစ်ဖက်မှအသံက

"ကိုဆန်းထူးလား"

"ဟုတ်ပါတယ်မြူနှင်း"

ဆန်းထူးအသံက ခပ်တည်တည်။ ကြွေးရှင်က ကြွေးသည်ခံကို ပြောသည့်ပုံမျိုး။ တစ်ဖက်က အသံမာမာက

www.burmeseclassic.com





ယခုတော့ ထိုအပိုင်က
လက်ပူးလက်ကြပ်အပိုင်ကြီးဖြစ်ပြီ၊
ထိုဗီဒီယိုဖိုင်သာ
ရဲလက်ထဲရောက်သွားသည် နှင့်
သတင်းစာထဲမှ
လူပျောက်ကြော်ငြာနှင့်
တိုက်ဆိုင်ပြီး

"ရှည်ရှည်ဝေးဝေး မပြောချင်ဘူး၊ ကျွန်မသူငယ်ချင်း ကသစ်နီ ဘယ်မှာလဲ"

"ဘာ"

ဆန်းထူး အံ့အားသင့်သွားသည်။

"ဘာတွေ ဘာတွေ လုပ်မနေနဲ့၊ ကျွန်မသူငယ်ချင်း ကသစ်နီ ဘယ်မှာလဲပြော"

ဆန်းထူး ဘာပြောရမှန်းမသိ။ သူမှမသိတာကို။ ထို့ကြောင့် ကိုင်ထားသော သတင်းစာကိုမြှောက်ပြီး

"ဟင် မသိဘူးလေ၊ အခုပဲ သတင်းစာမှာ လူပျောက်ကြော်ငြာတွေ့လို့ အံ့အားသင့်နေတာ"

"ရှင် အကြောင်းရိုက်မနေနဲ့ ကိုဆန်းထူး"

"ဘယ်လို"

"မနေ့က ရှင့်တပည့်တွေ ကသစ်အိမ်သွားပြီး ခြိမ်းခြောက်ခဲ့တဲ့ ဗီဒီယိုဖိုင် ကျွန်မတွေ့ပြီးပြီ"

"ဘာ"

ဆန်းထူး ခေါင်းတွေချာချာလည်ကုန်၏။ လက်ထဲကကော်ဖီခွက် လွတ်မကျအောင် မနည်းကိုင်ထားရသည်။ အခြေအနေက သူ





ထင်သလိုမဟုတ်။ တစ်ဖက်မှ မြနှင်းအသံက

"အဲဒါ ကသစ်ကို ရှင်ပြန်ထုတ်ပေးရင်ထုတ်ပေး၊ မထုတ်ပေးရင် အဲဒီဗီဒီယိုဖိုင် ရဲကိုပြပြီး ရှင့်ကိုဖမ်းခိုင်းမယ်၊ ဒါပဲ"

"ဝှပ်"

"မြနှင်း မြနှင်း ဟာ သွားပြီ သွားပြီ"

တစ်ဖက်မှ ဖုန်းချသွားသည်။ ထိုတော့မှ ဆန်းထူးခေါင်းနပန်းကြီးပြီး

"ဟာ သွားပြီ၊ သွားပြီ၊ ရဲစခန်းကို အဲဒီဖိုင်သွားပြလိုက်ရင်တော့ သေပြီ သေပြီ"

ချက်ချင်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့။ ကိုယ်က အပိုင်ဆိုပြီး လုပ်ခဲ့တာပါပဲ။ ယခုတော့ ထိုအပိုင်က လက်ပူးလက်ကြပ်အပိုင်ကြီးဖြစ်ပြီ။ ထိုဗီဒီယိုဖိုင်သာ ရဲလက်ထဲရောက်သွားသည်နှင့် သတင်းစာထဲမှ လူပျောက်ကြော်ငြာနှင့်တိုက်ဆိုင်ပြီး သူ့ကို သေချာပေါက် လာဖမ်းမှာသေချာ၏။ ဗီဒီယိုဖိုင်ထဲမှာကလဲ လူကြမ်းနက်မှောင်တို့က သူ့နာမည်ကို အသေအချာပြောပြီး "ဆန်းထူးခိုင်းခဲ့တာ" လို့ ဆိုထားသည်က ပါနေသည်ကိုး။

ဆန်းထူး မျက်လုံးအကြီးအကျယ်ကို ပြူးသွားရသည်။ ဒီအတိုင်းဆိုလျှင် သူ သေချာပေါက် အမှုဖြစ်မှာသေချာ၏။

သူ၏ပုံကို အချုပ်ထဲ လက်ထိတ်ကလေးနှင့် ကုပ်ကုပ်ကလေး ပြေးမြင်မိသည်။ ရုတ်တရက် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ၊ ဒီအတိုင်းဆို နှစ်ရှည်ထောင်ထဲဝင်ရမှာသေချာပြီ။ ခေါင်းကိုယမ်းပြီး အတွေးများခါထုတ်လိုက်သည်။ နောက်မှ သတိရပြီး မြနှင်းတယ်လီဖုန်းကို ပြန်ခေါ်လိုက်သည်။

"ဟဲလို"

"မြနှင်း မြနှင်း ကိုယ် ဆန်းထူးပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း လူယုတ်မာကြီး ဘာပြောမလို့လဲ"

အလိုလိုနေရင်း လူယုတ်မာကြီးစာရင်းဝင်နေပေပြီ။ စိတ်ဆိုးနေ၍မဖြစ်၊ စိတ်ဆိုးလျှင် ပိုဆိုးမည်။ ထို့ကြောင့် လေသံကိုပျော့ပြီး

"ဟိုလေ အဲဒီဗီဒီယိုဖိုင်ကို ရဲ ရဲလက်တော့ မအပ်ပါနဲ့ဦး"

"မအပ်ရင် ဘာလုပ်ရမှာလဲ လူပြန်ပေးကြီး၊ ရှင်ထောင်ကျမှာ ကြောက်နေတာလား"

ဆန်းထူး ကတုန်ကယင်ဖြင့်

"အဲ အဲဒါလေ ကိုယ် ကသစ်ကိုရအောင် ပြန်ရှာပေးပါ့မယ် နော် နော်"

တစ်ဖက်မှ အသံတိတ်သွားသည်။ နောက်မှ သက်ပြင်းချသံနဲ့အတူ

"နှစ်ရက်ပဲ အချိန်ပေးမယ်၊ နှစ်ရက်အတွင်း ကျွန်မသူငယ်ချင်းကသစ်ကို ပြန်မတွေ့ရင် ရှင်ထောင်ထဲသွားဖို့ပြင်ပေတော့ ဒါပဲ"

"ဗွပ်"

"ဟာ"

တစ်ဖက်မှ ပြောချင်တာပြောပြီး ဖုန်းချသွား၍ ဘာမှမတတ်နိုင်။ ဆန်းထူး ကြောက်စိတ်နှင့် တစ်ကိုယ်လုံး တုန်ယင်နေ၏။ စိတ်ညစ်လွန်းစွာ ခေါင်းကိုကုတ်ဖွနေမိသည်။ ဘာမှမဟုတ်သည့် အမှုကလေးက အမှုကြီးဖြစ်ပြီ။ ဇောချွေးတွေလဲ ဘယ်ကစိမ့်ထွက်လာမှန်းမသိ။ နောက်မှ သတိရစွာဖြင့် တယ်လီဖုန်းကို ထပ်ခေါ်လိုက်သည်။

"တီတီတီ"

"အောင်ထွန်း မင်းအိမ်လာခဲ့၊ ဟိုလူကြမ်းတွေပါခေါ်ခဲ့"

× × ×





အောင်ထွန်းနှင့်ဆန်းထူးရှေ့ ရုပ်ရှင်လူကြမ်းကြီးနက်မှောင်တို့အဖွဲ့ ရှိုးရှိုးကလေး ရပ်နေ၏။ ဘာစကားမှ မစကြသေး။ အတန်ကြာတော့ နက်မှောင်က မနေနိုင်တော့ဘဲ မေးသည်။

"ဒေးလီးပဲလား ဆရာ"

ထိုစကားကြားတော့ ဆန်းထူးတင်းသွားသည်။ ထို့ကြောင့် ခုန်ထပြီး

"ဘာဒေးလီးလဲ ဘာဒေးလီးလဲ"

သူ့အော်သံကြောင့် လူကြမ်းကြီးများ ကြောင်သွား၏။ ဒါကို ဆန်းထူးမှပင်ဆက်၍

"မနေ့က ဘာဖြစ်ခဲ့လဲပြော"



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေးကို နက်မှောင်က အူကြောင်ကြောင်နှင့်

"မနေ့က ဟိုကောင်မလေးကို သွားခြိမ်းခြောက်ခဲ့တယ်လေ၊ ဆရာတို့ပဲ ခိုင်းပြီးတော့"

ဆန်းထူး မနေ့က အခွေလေး ပြန်ထုတ်ယူပြီး

"ဒီအခွေက ဘယ်ကရတာလဲ"

ဓားစိုးကြီးက ခွေကိုကြည့်ပြီး

"အာ ဒါ ဟိုကောင်မလေး ခုတ်ပေးလိုက်တာလေ၊ ဘာလဲ ကွာလတီမကောင်းလို့လား"

"ဘာ"

ဆန်းထူးအော်သံကြောင့် လူကြမ်းတွေတွန့်သွားသည်။

"ဒီခွေကို ကောင်မလေးက ခုတ်ပေးလိုက်တာ"

"ဟုတ်တယ်လေ၊ ဦးတို့သက်သေပြရအောင်တဲ့"

"ဟင်"

ဆန်းထူးမျက်လုံးပြူးသွားသည်။ အခြေအနေကို နားမလည် နိုင်။ ထို့ကြောင့်

"ဘယ်လို ဘယ်လိုဖြစ်ကြတာလဲ"

သူ့ခေါင်းကိုသူ အုပ်ကိုင်ထားမိသည်။ ဘယ်လိုမှ သူ မစဉ်းစား နိုင်။

ငထွားက ရှေ့ထွက်လာပြီး

"ဒီလိုပါဆရာ၊ ကျွန်တော်တို့လဲ ဆရာတို့ခိုင်းတဲ့အတိုင်း ခြိမ်းခြောက်ဖို့သွားတာပါပဲ၊ ဒါပေမယ့် ကောင်မလေးက ကျွန်တော်တို့ကို သိပြီး ကျွန်တော်တို့ပရိသတ်ဖြစ်နေတော့ လုပ်ဖို့မလွယ် ဖြစ်နေတယ်၊ ဒါကို ကောင်မလေးကပဲ ဗီဒီယိုရိုက်တယ်လို့ပဲ သဘောထားပါဆိုပြီး ဆရာတို့ခိုင်းတဲ့အတိုင်း ရိုက်ပေးလိုက်တာ၊ ဟီးဟီး သဘာဝကျတယ် မဟုတ်လား၊ ဆရာတို့တောင် ကြောင်သွားတယ် ဟုတ်"







ဆရာ ကျွန်တော်တို့က
လူကြမ်းသာလုပ်တာ၊
အသည်းငယ်တာမို့နော်၊
ထောင်ကျရင် အထုအရမှာ၊
အေးလီးကြေးမရဘဲ
အထုမခံနိုင်ဘူး၊

"ဟာ"

ဆန်းထူး ကိုယ့်ခေါင်းကိုယ် အုပ်ကိုင်ထားမိသည်။ ယခုမှ သဘောပေါက်မိသည်။ ကိုယ်ကသာ အမှန်အကန်ဆိုပြီး လုပ်တာ ဟိုက လှည့်ကွက်ထဲ တည့်တည့်ဝင်သွားမိသလို ဖြစ်နေပြီကိုး။ ဒါကို ဓားစိုးကြီးက ဘုမသိဘမသိနှင့်

"ဘာဖြစ်လို့လဲဆရာ၊ ကြည့်မကောင်းလို့လား"

ဆန်းထူးတင်းသွားကာ အသံကျယ်ကျယ်ဖြင့်

"ကြည့်ကောင်းတယ်၊ ကြည့်ကောင်းတယ်၊ ကြည့်ကောင်းလွန်းလို့ ခင်ဗျားတို့ကျုပ်တို့ အချုပ်ထဲတောင် ဝင်ရတော့မယ် သိလား"

"ဟင်"

"ဘယ်လို"

လူကြမ်းကြီးများ တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့် ကြသည်။ နားမလည်နိုင် ဖြစ်နေကြပုံပေါ်၏။ နောက်မှ ငထွားက ပြုံးဖြဲဖြဲနှင့်

"ဩော် ဘာလဲ ရုပ်ရှင်အချုပ်ထင်တယ်၊ ဟဲဟဲ ကျွန်တော် တို့က ဝင်နေကျ"

ဆန်းထူး ဒေါသဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဘာရှုပ်ရှင်အချပ်လဲ၊ တကယ့်အချပ်၊ တကယ့်အချပ်၊ ထောင်ကို တန်းစီကျမှာ"

"ဘာ ဘာဖြစ်လို့လဲဆရာ"

နက်မှောင်၏အမေး။ ဆန်းထူးက သတင်းစာယူပြီး

"ဘာဖြစ်လဲ ဟုတ်လား၊ ဟောဒီမှာကြည့်"

"ဟာ"

လူပျောက်ကြော်ငြာမြင်တော့ အားလုံးအံ့အားသင့်သွားကြသည်။ ဗိုက်ပူက ခါတ်ပုံကို လက်ညှိုးထိုးပြီး

"မနေ့က ကောင်မလေးပဲ၊ ဘာဖြစ်လို့ ပျောက်သွားတာလဲ ဟင်"

သူ့အမေးကို ဆန်းထူးက

"အေး ခင်ဗျားတို့ မနေ့ကသွားခြိမ်းခြောက်တယ်၊ ပြီးတော့ အဲဒီကောင်မလေးပျောက်သွားတယ်၊ အဲဒီခြိမ်းခြောက်ထားတဲ့ ခွေက ရဲစခန်းရောက်သွားရင် ကျုပ်တို့ဘာဖြစ်ပြီလဲ"

"ထောင်ကျပြီ"

"အနည်းဆုံး ဆယ်နှစ်၊ အဲ ယောင်ကုန်ပြီ"

ထိုတော့မှ အားလုံးတုန်တက်သွားကြ၏။ တစ်ယောက်ကို တစ်ယောက် ကယောင်ကတန်းပြေးဖက်ကာ

"ဟင် အဲ အဲဒါဆို ကျွန်တော်တို့ ဒုက္ခရောက်ပြီပေါ့"

"အောင်မလေး ထောင်ထဲမှာ ဒေးလီးကြေးဘယ်လိုရတော့မှာလဲ"

အားလုံး ကြောက်ကြောက်လန့်လန့် ဖြစ်ကုန်၏။ ဓားစိုးကြီးဆို ဒူးပါညွတ်ပြီး ခွေကျသွား၏။ ဒါကို နက်မှောင်မှ ငိုမဲ့မဲ့နှင့်

"ဆရာ ကျွန်တော်တို့က လူကြမ်းသာလုပ်တာ၊ အသည်းငယ်တယ်နော်၊ ထောင်ကျရင် အထုခံရမှာ၊ ဒေးလီးကြေးမရဘဲ အထုမခံ





နိုင်ဘူး၊ အဟင့်"

ဆန်းထူးက အသက်ပြင်းပြင်းရှူလိုက်သည်။

"အခုလောလောဆယ်တော့ ကျုပ်တားထားတယ်၊ ဒါပေမယ့် နှစ်ရက်ပဲ"

"နှစ်ရက်"

ဆန်းထူး ခေါင်းညိတ်ပြီး

"အဲဒီနှစ်ရက်အတွင်းမှာ ဒီကောင်မလေးကို ပြန်မတွေ့ရင် ကျုပ်တို့ တသီကြီး ထောင်ထဲဝင်ဖို့ပြင်တော့"

"ဆရာက ထိပ်ဆုံးကပေါ့"

"ဒါပေါ့ ကျွန်တော်ဦးဆောင်၊ အာ တော်ကြစမ်း"

အားလုံး ပျာကလယ် ပျာကလယ်နှင့် ဆန်းထူးကိုကြည့်ကြသည်။ ဆန်းထူးက အသက်ခပ်ပြင်းပြင်းရှူပြီး

"အဲဒီတော့ ဒီကောင်မလေးကို နှစ်ရက်အတွင်း တွေ့အောင် ခင်ဗျားတို့ ပြန်ရှာပေးရမယ်"

လူကြမ်းကြီးများ တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကြသည်။ နောက်မှ လူကြမ်းခေါင်းဆောင်နက်မှောင်က ရှေ့ထွက်လာပြီး

"ရှာတာတော့ ရှာပေးပါ့မယ်ဆရာ"

ဆန်းထူးက မျက်မှောင်ကြုတ်ကြည့်သည်။ နက်မှောင်က သွားလေးဖြဲပြီး

"ဒါပေမယ့် ဒေးလီးကြေးလေး"

"ဘာ"

"မပေးရင်တော့ မလုပ်နိုင်ဘူးဆရာ၊ နောင်မှထောင်ပဲကျကျ၊ အထဲမှာတွေ့ကြမယ်၊ ဒါပဲ"

ဟိုကကြောက်သာကြောက်တတ်တာ။ ဒါမျိုးကျ ပြတ်သား



www.burmeseclassic.com

www.burmeseclassic.com



ပြန်။

ဆန်းထူး သက်ပြင်းသာချနိုင်သည်။ ဘာတတ်နိုင်မည်နည်း။ ထို့ကြောင့်

"ကဲ ခင်ဗျားတို့ကို ဒေးလီးကြေး"

"ထမင်းဖိုး"

ဆန်းထူးထခုန်ပြီး

"အားလုံးပေးမယ်ဗျာ၊ အဲဒီမိန်းမသာ တွေ့အောင်ရှာခဲ့ ဒါပဲ"

"ဟုတ်"

ထိုသို့ဖြင့်

× × ×





နေပူကျဲတဲထဲ မြန်မာလူကြမ်းဝတ်စုံဝတ်ထားသော မြန်မာ့လူကြမ်းအစစ်များ လမ်းသလားနေကြရသည်။ သူတို့မျာလဲ ကျဲတောက်သောအပူရှိန်ကြား၊ လူကြမ်းများမှန်း သိသာစေရန် ကုတ်အကျီအဟောင်းအစုတ်များဝတ်၊ လက်အိပ်အနက်ကြီးစွပ်၍ လမ်းတကာလှည့်ပတ်ရှာဖွေနေရသည်မှာ လွယ်လှသည်တော့မဟုတ်။ တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေပေပြီ။

သူတို့ရှာနေရတာက မိန်းကလေးတစ်ယောက်ကို။

မြို့လည်ခေါင် ခြေချင်းထပ်အောင် ရှာနေရသော်လည်း သူတို့ရှာဖွေသူကို မတွေ့ရသေး။

"ဟူး ဒေးလီးကြေးရတဲ့အထဲ ဒီတစ်ခါအပင်ပန်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ငထွားး၏စကား။ နက်မှောင်က ကုတ်အကျီအရှိန်ကြောင့် စိမ့်ထွက်လာသော ချွေးကိုသုတ်ပြီး

"ဟုတ်ပ့ါကွာ၊ အခု ငါတို့ရိုက်နေတာ ဘာကားလဲဟင်"

သူ့စကားကို မေးစိုးကြီးက နားရင်းရိုက်ပြီး

"ဟာ ဘာကားရမှာလဲ၊ မိန်းကလေးတစ်ယောက်ကို တကယ် လိုက်ရှာနေတာ၊ တကယ်လိုက်ရှာနေတာ၊ တယ်လေ ငါ့မေးအတုနဲ့ ထိုးလိုက်ရ"

ထိုတော့မှ နက်မှောင် ရယ်ကျဲကျဲလုပ်ပြီး

"ဩော် ဟုတ်လား၊ မသိပါဘူး၊ ငါလဲ တစ်နေကုန်လမ်းပတ် လျှောက်နေရတော့ လိုရင်းကိစ္စတောင် မေ့သွားတယ်"

"ငါတို့မတွေ့ဘူးဆို ဘယ်လိုလုပ်မလဲ"

ငထွား၏အမေး။ ဗိုက်ပူက

"ဟူး ဒေးလီးကြေးယူပြီး မလုပ်ပေးရင်လဲ အားနာစရာ၊ တာဝန်မကျေဘူးဆိုပြီး နောက်မခေါ်တော့ရင်ဒုက္ခ၊ တို့ကိုလူချောအဖွဲ့ သိက္ခာကျမှာကွနော်"

အရေးထဲ ဒေးလီးကြေးယူပြီးမှ အားနာနေသေး၏။

"ဒါပေမယ့်ကွာ၊ ရုပ်ရှင်ထဲမှာဆို တစ်ချက်နှစ်ချက် အထိုးခံ ပြီးရင်ပြီးပြီကွ၊ အခုက တစ်နေကုန်ကြီးဆိုတော့ ပင်ပန်းလိုက်တာ"

ငထွားခမျာ ခါးနာနေပြီ။ ဒါကို နက်မှောင်ကလဲ

"အေးကွ၊ ငါတို့ နားဖို့တော့ လိုမယ်ထင်တယ်"

မေးစိုးကြီးက မျက်မှောင်ကြုတ်စဉ်းစားပြီး

"ဒီလိုလုပ်"

အားလုံး ခေါင်းအနည်းငယ်ပိုကြီးသော စိုးကြီးကို ကြည့်သည်၊

"ငါတို့လဲ ပြောကောင်းအောင် မြို့ပြင်မှာ ခဏထွက်ရှောင် နေရအောင်"





တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကြသည်။ စိုးကြီး ကဆက်၍

"သူတို့မေးရင်လဲ ငါတို့ တစ်မြို့လုံးလိုက်ရှာနေလို့ မတွေ့တာ လို့ ပြောလိုက်မှာပေါ့၊ ဟုတ်ဖူးလား"

အားလုံးမျက်နှာများ ဝင်းလက်သွား၏။ ဒါကို နက်မှောင်က

"အေး ဟုတ်တယ်၊ မြို့ပြင်ထွက်ပြီး အေးရာအေးကြောင်း သွားနပ်နေမယ်၊ ညနေကျမှ မတွေ့ဘူးပြန်ပြောပြီး ဒေးလီးကြေးထုတ် ကြတာပေါ့ ဟုတ်ဖူးလား"

"အေး ဟုတ်တယ်၊ အဲဒီအကြံကောင်းတယ်"

"အေးရာအေးကြောင်း မုန့်စိမ်းပေါင်းပေါ့ကွာ"

အားလုံးသဘောတူသွားကြသည်။

"ကဲ ဒါဖြင့် မြို့ပြင်ဒိုးကြစို့"

လူကြမ်းများ ခြေလှမ်းက ညီကြသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



မြို့ပြင်လေက အေးနေသည်။

လူကြမ်းကြီးလေးယောက် ကားဆရာချပေးခဲ့သောနေရာတွင်ရပ်ပြီး ယောင်လည်လည်ဖြစ်နေကြသည်။ ဘယ်သွားပြီး ဘယ်မှာနားရမှန်းလဲမသိ။ နောက်မှ အနီးအနားဝေ့ကြည့်ကာ

"လာကွာ၊ ဟိုက လက်ဖက်ရည်ဆိုင်မှာပဲ ခဏသွားထိုင်နေရအောင်"

ဆိုကာ ဖြစ်သလိုဆောက်လုပ်ထားသော လက်ဖက်ရည်ဆိုင်ကလေးသို့ ဦးတည်လိုက်သည်။

"ရေနွေးကြမ်းလေး အရင်ချပါဗျို့"

"စီးကရက်တစ်ပွဲ"





လူကြမ်းကြီးများ ဟန်ပင်မဆောင်နိုင်တော့။ အကျီချွတ်သူချွတ်၊ လက်အိတ်ချွတ်သူချွတ်နှင့် နေသာသလို နေကြသည်။

"ဟူး ပူလိုက်တာကွာ၊ ဒါတောင် ရုပ်ရှင်ထဲကလို မီးမထိုးထားလို့"

"အေးကွာ၊ ရုပ်ရှင်ထဲမှာဆို တစ်ခန်းနှစ်ခန်းဆိုပြီးပြီ၊ အခုတော့"

စကားပြောရင်း လာချသောရေနွေးကို အငမ်းမရမှုတ်သောက်နေမိကြသည်။ ထိုစဉ်မှာပင်

ဖျတ်ခနဲ ဖြတ်သွားသော အရိပ်တစ်ခု။ အားလုံးမြင်ဖူးသလိုဖြစ်သွား၍ လှမ်းကြည့်ကြသည်။ မိန်းကလေးတစ်ယောက် ခေါင်းစွပ်အကျီနှင့် ဖြတ်သွားခြင်းပင်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသေး၏။ နောက်မှ သတိရကာ

"ဟာ"

သူတို့ရှာနေသော ကောင်မလေး။ ကုပ်ချောင်းချောင်းနှင့် သူတို့ရှေ့က ဖြတ်သွားခြင်းပင်။

"ဟေ့ ဟေ့ မိန်းကလေး မိန်းကလေး"

နက်မှောင်က အော်ပြီးအတင်းပြေးလိုက်သည်။ ထိုတော့မှ အားလုံးလဲ

"ဟာ ဟာ မလွှတ်စေနဲ့၊ မလွှတ်စေနဲ့"

ဆိုကာ ပြောလိုက်သည်။ ပြီးနောက် ကောင်မလေးကို လူကြမ်းဝိုင်း ဝိုင်းထားကြသည်။

မိန်းကလေး ခြေလှမ်းတန့်ပြီး ပြန်ကြည့်သည်။ နောက် အားရဝမ်းသာနှင့်

"ဟယ် ကိုနက်မှောင်ကြီးတို့ပါလား၊ ဒီမှာ ဘာလာလုပ်တာလဲ"



www.burmeseclassic.com

တုန်၍ ဘာမှမသိဟန်ဖြင့် ပြန်နှုတ်ဆက်၏။ ထိုတော့မှ နက်မှောင်က သူ့ရင်ဘတ်သူဖိ၍

"အောင်မလေး မိန်းကလေးရယ် ရှာလိုက်ရတာ"

ကသစ်က အူကြောင်ကြောင်နှင့် ဘေးဘီဝေ့ကြည့်ကာ

"ရှာနေတယ်၊ ဘယ်သူ့ကို ရှာနေတာလဲ"

နက်မှောင်က ကသစ်ကို လက်ညှိုးထိုးရင်း

"မင်းကိုရှာနေတာပေါ့ မိန်းကလေးရယ်"

"ကျွန်မကို"

ကသစ်က ဇဝေဇဝါနှင့်ဆို၏။ ပြီးမှ နားမလည်နိုင်ဟန်ဖြင့်

"ဘာလို့ရှာတာလဲ၊ ရုပ်ရှင်ရိုက်ဖို့လား"

ဒါကို အနားရောက်လာသော စိုးကြီးက

"ရုပ်ရှင်ရိုက်ဖို့ မဟုတ်ဘူးဟ၊ ညည်းက ပျောက်သွားလို့ဆို"

ကသစ်မျက်မှောင်ကြုတ်ရင်း

"ဟင် မပျောက်ပါဘူး ရှိပါတယ်"

"ဒါဆို သတင်းစာထဲက လူပျောက်ကြော်ငြာ ဘာလို့ထည့်တာလဲ"

ထွေးအမေးကို ကသစ် ပြုံးပြီး

"ဒါလား၊ ကျွန်မကို အိမ်မှာမတွေ့လို့ သူငယ်ချင်းက စိုးရိမ်ပြီး ရမ်းထည့်လိုက်တာထင်တယ်"

နက်မှောင်က သူ့ခေါင်းသူအုပ်ကိုင်လိုက်၊ ရင်ဘတ်အုပ်ကိုင်လိုက်နှင့်

"အောင်မလေး သူရမ်းထည့်လိုက်တာ၊ တို့တွေထောင်ကျတော့မလို့"

"ဟင် ဘာဖြစ်လို့လဲ"

ကသစ်က တကယ်နားမလည်ဟန်နှင့် အူကြောင်ကြောင်







ဦးဗိုက်ပူနဲ့ ဦးထွေးတို့က
လက်သီးတွေ
ခြေထောက်တွေနဲ့
မာန်ပါပါထိုးဟန်လုပ်၊ သမီးက
ကြောက်လန့်ဟန်နဲ့နေမယ်၊
ကဲ ရယ်ဒီပါလား

လုပ်နေသည်။

"ဘာဖြစ်ရမှာလဲ၊ ညည်းကို ငါတို့ခြိမ်းခြောက်ထားတဲ့ ပုံတွေလဲရှိနေတယ်၊ နောက်နေ့မှာ လူပျောက်ကြော်ငြာလဲ ပါလာတော့ ငါတို့ကပဲ နင့်ကို အစအနဖျောက်လိုက်သလို ထင်ကုန်တာပေါ့"

"ဩော် ဒါလား"

ကသစ်က ပြုံးနေသည်။ ဒါကို ဓားစိုးကြီးက

"ကဲ ညီမရယ်၊ ဖြစ်ပြီးတာလဲ ထားပါတော့၊ ဦးတို့လဲ ဒေးလီးကြေးရပြီးပါပြီ၊ ဦးတို့နဲ့ အိမ်ပြန်လိုက်ခဲ့ပါလားဟင်"

နက်မှောင်စကားကို ကသစ်က

"ဟင် ဘာလို့လိုက်ရမှာလဲ၊ ဒီမှာ အလုပ်ရှိသေးတဲ့ဟာကို"

သူ့စကားကို ဗိုက်ပူက ဗိုက်ရှပ်ပြီး

"မလိုက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ မလိုက်ခဲ့ရင် လူပျောက်မှုနဲ့ ဦးတို့အဖမ်းခံရမှာပေါ့"

ကသစ်က စဉ်းစားပြန်သည်။ အတန်ကြာမှ

"ပြန်လို့တော့မဖြစ်ဘူး၊ ဒီမှာအလုပ်ရှိသေးတဲ့ဟာကို"

ဒါကို ဗိုက်ပူက အင်မတန်ကြမ်းတဲ့ သူ့မျက်နှာနဲ့ရှေ့ထွက်လာပြီး

www.burmeseclassic.com



"အနုနည်းနဲ့မလိုက်ရင်တော့ အကြမ်းနည်းနဲ့ တို့ဆွဲခေါ်ရမှာပဲ မိန်းကလေး"

"အော်မှာပေါ့၊ ရှင်တို့ချက်ချင်း အဖမ်းခံသွားရမယ်"

"တိန်"

ဗိုက်ပူ ပူနေသော သူ့ဗိုက်ပင် ပြန်ကျုံ့သွား၏။

ဟုတ်သား။ ဟိုကထအော်လိုက်လျှင် ချက်ချင်းပင် ဝိုင်းအရိုက်ခံရနိုင်သည့် အနေအထား။

"နေပါဦး၊ ကျွန်မစဉ်းစားပါရစေဦး"

ကသစ်က စဉ်းစားပြန်သည်။ ကျန်သူများက ဘာမှမစဉ်းစားတတ်တော့။ သူ့ကိုဝိုင်းထားပြီး ဘာလုပ်ရမှန်းမသိ။ အတန်ကြာမှ ကသစ်က

"ဒီလိုလုပ်"

အားလုံးက သူ့စကားကို အာရုံစိုက်သည်။

"သမီးလဲ သွားစရာရှိတာ သွားရအောင်၊ ဦးတို့လဲ သမီးကိုတွေ့ပြီဖြစ်ကြောင်း ပေါ်လွင်အောင် သမီးလဲ ပျောက်မသွားတာ သေချာအောင် ဓာတ်ပုံရိုက်မယ်"

"ဓာတ်ပုံ"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ဒါကို ကသစ်က

"အေးလေ၊ ဦးတို့ သမီးကို ဖမ်းမိပြီဆိုတဲ့ပုံရိုက်ပြီး ဆန်းထူးဆီ ပြန်ပို့လိုက်မယ်"

"ပို့လိုက်ရင်"

"ပို့လိုက်ရင် အဲဒီပုံကိုကြည့်ပြီး ဦးလေးတို့လဲ သမီးကိုရှာတွေ့ပြီ၊ သမီးလဲ ပျောက်မသွားဘဲ ရှိနေသေးတယ်ဆိုတာ သူတို့ယုံမှာပေါ့"

"ယုံသွားရင်"





"လာထား ဒေးလီးကြေးပေါ့"

အားလုံးပျော်သွားကြသည်။ ဗိုက်ပူဆိုလျှင် ထကမတတ်ပင် ဖြစ်သွားပြီး

"ဟာ ဟုတ်သားပဲ၊ ဒါဆို လက်ပူးလက်ကြပ်ကြီးနဲ့ဆို အပိုကြေး ထမင်းဖိုးတောင် ထပ်ရရင်ရမှာ ဟီဟိပျော်စရာကြီး"

ဒါကို ကသစ်က သူ့ကင်မရာ ယူထုတ်ပြီး

"ကဲ ဒါဆို ဓာတ်ပုံရိုက်ရအောင်"

"လုပ်လေ စကြတာပေါ့"

ဆိုကာ လူစုလိုက်သည်။ ဒါကို ကသစ်က

"ဦးနက်မှောင်က ခပ်တည်တည်နဲ့ သမီးကုတ်ကိုဆွဲ"

"ဟင် ကုတ်ဆွဲရမယ်"

နက်မှောင်လန့်သွားသည်။ ဒါကို ကသစ်က

"အင်းလေ၊ ဒါမှ လက်ပူးလက်ကြပ်ပုံ ပေါက်မှာပေါ့၊ ဦးစိုးကြီးက ဓားနဲ့ရွယ်"

စိုးကြီးမစဉ်းစားတော့။ သူဆောင်နေကျ ဓားအတု ထုတ်ရွယ်သည်။ သူ့စိတ်ထဲ ဒေးလီးကြေးသာ စိုးမိုးနေသည်ကိုး။

"ဦးဗိုက်ပူနဲ့ ဦးငထွားတို့က လက်သီးတွေ ခြေထောက်တွေနဲ့ မာန်ပါပါထိုးဟန်လုပ်၊ သမီးက ကြောက်လန့်ဟန်နဲ့နေမယ်၊ ကဲ ရယ်ဒီပဲလား"

"ရယ်ဒီပဲ"

အားလုံးက ဝါရင့်တွေမို့ ခေါင်းညိတ်သည်။ ပုံတူလုပ်သည်။ ပီပြင်ပေစွ။ ကသစ်က ကင်မရာထုတ်ကာချိန်ရင်း

"ကဲ ဒါဆို ဝမ်း တူး သရီး အက်ရှင်"

"ဖြတ်"

ပုံက တကယ်ဖမ်းမိထားပုံ ပီပြင်၏။ လူကြမ်းများရုပ်က



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကာ တကယ်လုပ်မည့်ပုံ။

"ကဲ နောက်အိုက်တင်တစ်မျိုး ဝမ်း တူး သရီး အက်ရှင်"

နောက်ပုံစံတစ်မျိုးနှင့် တစ်ပုံထပ်ရိုက်သည်။

"ရပြီလား"

"သေချာအောင် နောက်တစ်မျိုး"

"ဖြတ်"

ဓာတ်ပုံတွေရိုက်သည်။ လေးပုံ၊ ငါးပုံ။ ပြီးမှ ကသစ်က

"ဓာတ်ပုံတွေကောင်းမကောင်း သေချာအောင်ပြန်ကြည့်မယ်"

ဆိုကာ ဓာတ်ပုံများကို ပြန်ကြည့်သည်။

ဟုတ်၏။ ဓာတ်ပုံများက အသက်ပါ၏။ သူတို့ကြမ်းတမ်းပုံနှင့် ကသစ်၏ ကြောက်ရွံ့ပုံများ၊ ရုပ်ရှင်ဝေါလ်ရှိဆိုလျှင်ပင် လူစိတ်ဝင်စားကြပေမည်။ တကယ်ဖမ်းစားနိုင်သောပုံများ။ ကြည့်ရင်းကြည့်ရင်းနှင့်

"ဟင် ဒါ ဒါ တို့မြို့ထဲလိုက်ရှာနေတဲ့ပုံ မဟုတ်လား"

အရှိန်လွန်ကာ နောက်ပြန်ရောက်သွားတော့ သူတို့မြို့ထဲ လျှောက်ရှာနေပုံများတွေ့ရသည်။ ဒါကို ကသစ်က စပ်ဖြဲဖြဲနှင့်

"အဟဲ သမီးလဲ ဦးတို့ကို မြို့ထဲမှာတွေ့လို့ အမှတ်တရရိုက်ထားတာ၊ ဟင်းဟင်း"

နက်မှောင်တို့ တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကြသည်။ သူတို့ကသာ သူ့ကိုလိုက်ရှာနေတာ။ သူမက သူတို့ကို တစ်ချိန်လုံးတွေ့ပြီး ဓာတ်ပုံမှတ်တမ်း တင်နေသည်ပဲ။ အားလုံးဇဝေဇဝါ ဖြစ်ကုန်၏။ ဒါကို ကသစ်က ရယ်ကျဲကျဲလုပ်ပြီး

"ဒါမထူးဆန်းပါဘူး၊ ဦးတို့က နာမည်ကြီးတွေပဲ၊ နောက်ပြီး သမီးက ဦးတို့ပရိသတ်လေ"

အားလုံးဘဝင်ပြန်မြင့်ကုန်၏။ ဦးတို့ပရိသတ်ဆိုသည်နှင့် ဖြစ်ခဲ့





သမျှ မေ့ကုန်၏။ ဒါကို ကသစ်က အားလုံးကို ဝေ့ကြည့်ကာ

"ဒါနဲ့နေပါဦး၊ နိုက်ဆင်းဆို ဘယ်လောက်ယူလဲ"

"နိုက်ဆင်း"

ထင်မှတ်မထားသော စကားကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြပြန်သည်။ ငွေအမြဲလိုနေသော ထွေးက

"နိုက်ဆင်းဘာလုပ်ဖို့လဲ"

"ဩော် ဘာလုပ်ရမှာလဲ ရိုက်မှာပေါ့"

ကသစ်က သူ့တံတောင် သူလှည့်ရင်း ကင်မရာရိုက်ဟန်ပြသည်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြပြန်သည်။ နောက်မှ နက်မှောင်က လက်ကလေးထောင်ပြီး

"ဒေး ဒေးလီးကြေးပဲပေးပါ"

ကသစ်ပြုံးသွားသည်။ လက်ဖျောက်တီးရင်း

"အိုကေ ဒေးလီးကြေးပေးမယ်၊ ဒီည နိုက်ဆင်းရိုက်ဖို့ပြင်"

"ဟင် ဒီည"

အားလုံးမျက်လုံးပြူးကုန်၏။ ကသစ်က ဘာမှမဖြစ်ဟန်နှင့်

"အေးလေ၊ ဘာဖြစ်လို့လဲ ဒေးလီးကြေးရမယ့်ဟာကို"

သူ့စကားကို ထွေးက စပ်ဖြဲဖြဲနှင့်

"အဟဲ ဒေးလီးကြေးရတာတော့ ဟုတ်တယ်၊ ဟို ခုနတုန်းကဓာတ်ပုံ ပြန်ပို့ဖို့က"

"ဩော် ဒါလား"

ကသစ်က အရေးမကြီးဟန်နှင့် ထွေးပခုံးပုတ်ပြီး

"ဘာမှမပူနဲ့၊ ကျွန်မကိုယ်တိုင် သွားပို့ပေးမယ်၊ ဟုတ်ပြီလား"

ဗိုက်ပူမျက်လုံးလက်သွား၏။

"ဟင် တကယ် တကယ်လား"

"စိတ်ချစမ်းပါ။ ကဲ ဒီမှာပြောလို့မကောင်းဘူး၊ ဟိုးအရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်ကောင်းကောင်းရှိတယ်၊ အဲဒီကိုသွားရအောင်"

ဆိုကာ သူကိုယ်တိုင်ဦးဆောင်၍ ခေါ်သွားလေသည်။

လူကြမ်းကြီးများ ဗိုက်ဆာနေတုန်း စားရမည်ဆိုတော့ ဟန်ပန်မဆောင်နိုင်တော့ 'က'ပြီးတော့တောင် လိုက်ပါသွားကြ၏။

× × ×





အတန်အသင့် ခမ်းနားသောစားသောက်ဆိုင်ပင်။

ကသစ်က ဦးဆောင်ဝင်သွားသည်။ လူကြမ်းများကတော့ တုပ်ချောင်းချောင်းနှင့် စားပွဲတစ်ခုတွင် နေရာယူသည်။ ကသစ်က ခပ်တည်တည်ဖြင့်

"ဟော့ ဒီမှာ စားချင်တာတွေ ချပေးစမ်း"

ဆိုကာ စားပွဲထိုးကို အမိန့်ပေးလိုက်သည်။ ပြီးနောက် လူကြမ်းကြီးများဖက်လှည့်ကာ ခါးတစ်ဖက်ထောက်ပြီး

"ရှုတင်ထမင်း မဟုတ်ဘူးနော်၊ စားချင်တာမှာစား၊ သောက်ချင်တာမှာသောက် ဘာမှအားနာစရာမလိုဘူး"

လူကြမ်းကြီးများ အားတက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရင် ဟိုအရှေ့ကဟိုတယ်မှာ ဘိုကင်လုပ်ထားပေးမယ်၊ အဲဒီမှာနား ဟုတ်ပြီလား၊ ရိုက်ကာနီးမှ လာခေါ်မယ်"

"ဟုတ် ဟုတ်ကဲ့ပါခင်ဗျ"

လူကြမ်းကြီးများ မကြုံဘူးသော အခွင့်အရေးမို့ ဝမ်းသာလုံးဘွ ဆို့နေ၏။ ဒါကို ကသစ်က

"လုပ် မှာချင်တာမှာ၊ သောက်ချင်တာယူသောက်၊ ကျွန်မ စီစဉ်စရာရှိတာ သွားစီစဉ်လိုက်ဦးမယ်"

ဆိုပြီး ထအယွက်မှာပင်

"ဟေ့ ဒီမှာ ဘီယာနှစ်ဂျားချဟေ့၊ ဝက်နားရွက်သုပ်နှစ်ပွဲ၊ ခေါက်ဆွဲကြော် ကြက်နဲ့"

"ရက်ဒ်လေဘယ် တစ်လီတာချကွာ၊ မှိုကန်စွန်းနဲ့ချိုချဉ်ကြော်"

"ရှပ်နှစ်ဘူး၊ ဘူးဘီယာမြန်မာသုံးလုံးဟေ့၊ လက်ဖက်သုပ်နဲ့ ဆိတ်သားဖုတ်"

"ဆော်ဒါရယ်၊ သံပရာရယ်နဲ့ ဒရိုင်းဂျင်ဟေ့၊ စားစရာကတော့ ဖြစ်သလို ငါးခေါင်းဟင်းချိုနဲ့ ဟပ်ဖရိုက်"

စသည်ဖြင့် ဆူညံကျန်ခဲ့လေတော့သည်။ ကသစ် ဘယ်ထွက်သွားလဲတောင် သူတို့သတိမထားမိတော့။

× × ×





ရှာခိုင်းလိုက်သော လူကြမ်းအဖွဲ့ ပြန်မရောက်၍ ဆန်းထူး တစ်ယောက် စိတ်စောနေ၏။

ဒီနေ့နှင့်နောက်နေ့ နှစ်ရက်အချိန်ရ၍ ဒီနှစ်ရက်အတွင်း ကသစ်ကိုမတွေ့ခဲ့ရလျှင် သူ့ဘဝက မတွေးရဲစရာ။ သက်သေလက်ဖုံလက်ကြပ်နှင့်မို့ ထောင်ထဲ နှစ်ရှည်ဝင်သွားနိုင်သည်။ တွေးရင်းတွေးရင်း စိတ်ထဲလေးလံလာသည်။ လူက ထိုင်ရမလို၊ ထရမလို။ ထိုစဉ်မှာပင်

"စာတို့ စာ"

အရေးထဲ ဘယ်ကစာ ရောက်လာမှန်းမသိ၍ စိတ်ရှုပ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"စာလာတယ်ဗျို့ စာ"

အိမ်ရှေ့မှအော်သံကြောင့် ထွက်လာမိသည်။

"ဟင်"

စာလာပို့သည်မှာ လူကြီးမဟုတ်ဘဲ ကလေးဖြစ်နေ၍ အံ့အား သင့်သွားသည်။

ထိုကလေးမှပင်

"ကိုဆန်းထူးလား"

ဆန်းထူး မျက်မှောင်ကြုတ်ရင်း

"ဟုတ်ပါတယ်"

"ရော့ ဒီမှာ ကိုဆန်းထူးအတွက်စာ"

ဆိုကာ ထိုးထည့်ပေးပြီး ထွက်ပြေးသွားတော့

"ဟေ့ ဟေ့"

တား၍မမီတော့။ ကလေးမှာ လမ်းချိုးထဲ ပြေးထွက်ပျောက်ကွယ်သွား၏။

ဆန်းထူး သက်ပြင်းချရင်း လက်ထဲရောက်လာသော စာအိတ်ကိုဖွင့်လိုက်သည်။

"ဟင်"

မြင်လိုက်ရသောမြင်ကွင်းကြောင့် တုန်တက်သွားရ၏။

ဓာတ်ပုံများ။

"ဟင် ဒါ ဒါက"

ဓာတ်ပုံတွေမြင်တော့ ဆန်းထူးအံ့အားသင့်သွားသည်။ အံ့အားလည်း သင့်စရာ။

ဓာတ်ပုံများမှာ သူ့လူကြမ်းများက ကသစ်ကို ကုတ်ဆွဲပြီး ဖမ်းထားသောပုံ။ ကသစ်က ကြောက်လန့်နေပုံ။ မနေ့က ဗီဒီယိုထဲက ပုံများမဟုတ်၍ ကြက်သေသေနေမိ၏။





"ဟာ၊ ဘာ ဘာဖြစ်ပြန်ပြီလဲ"

ဓာတ်ပုံက တစ်ပုံတည်းမဟုတ်။ သုံးလေးငါးပုံ။ ဓာတ်ပုံများ ကြည့်၍ ဇောချွေးပင် စိမ့်ခနဲထွက်လာရ၏။ နောက် ကသစ်၏ လူပျောက်ကြော်ငြာဖြတ်ပိုင်းတစ်ခု။

"ဘာဖြစ်တာလဲ၊ ဘယ်လိုဖြစ်တာလဲ"

သူတွေးမရခင် စာအိတ်ထဲမှ လျှောခနဲထွက်လာသော စာ တစ်စောင်။

"ဟင်"

ဆန်းထူး မင်သက်နေသေး၏။ နောက်မှ ဖွင့်ဖတ်လိုက်တော့

**ဦးဆန်းထူး**

ခင်ဗျား လူမိုက်တွေနဲ့ပေါင်းပြီး ကသစ်ကို ပြန်ပေးဆွဲထားတာ ကျုပ်သိတယ်၊ ကျုပ်မှာ သက်သေခံ ဗီဒီယိုဖိုင်တွေရော၊ ဓာတ်ပုံ အချက်အလက်တွေပါရှိတယ်၊ အဲဒီအချက်အလက်တွေ ရဲလက်ထဲ မရောက်ချင်ရင် တစ်ယောက်တည်း ငွေသိန်း(၁၀၀)နဲ့ပြန်ရွေးပါ။

ပို့

**မျက်မြင်သက်သေ**

"ဟာ"

စာကိုဖတ်ပြီး ဆန်းထူး ကြက်သေသေသွား၏။ ဘယ်အရာမှ ကောင်းစွာမမြင်ရတော့။ အရာရာ မှုံဝါးဝါး။ နောက်မှ သတိရပြီး သူ့ခေါင်းသူအုပ်ကိုင်ကာ

"ဟာ သွားပြီ သွားပြီ၊ ဘယ်လိုဖြစ်တာလဲ၊ ဘယ်လိုဖြစ်တာ လဲ"

သူ ကယောင်ကတမ်း ရေရွတ်နေမိသည်။ ရုတ်တရက် ဘာ လုပ်ရမှန်းမသိ။ နောက်မှ သတိရကာ တယ်လီဖုန်းကိုဖွင့်လိုက်သည်။

ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



"တီတီတီ တီတီတီ"

"အောင်ထွန်းလား အိမ်ကိုအမြန်လာ"

ထို့နောက်

× × ×





လူကြမ်းကြီးများ အစားကောင်းအသောက်ကောင်းများနှင့် ပျော်ရွှင်မြူးတူးနေကြသည်။

သူတို့ရှေ့တွင်လဲ စားသောက်ပြီး ပြန့်ကျဲနေသော ပုလင်းခွံများ၊ ဘီယာပုလင်းများ၊ စားလက်စပန်းကန်များ။ နက်မှောင် ရှုးကြောင်မှူးကြောင်နှင့် မျက်လုံးကြီးစင်းကာ စကားစသည်။

"ကောင်မလေး ဒီလောက်စိတ်ကောင်းတာ ဟိုကောင်ဆန်းထူးက ဘာကိစ္စ ခြိမ်းခြောက်ချင်တာလဲ မသိဘူး"

သူ့စကားကို ဓားစိုးကြီးက ရှေ့ကလက်ကျန်ဘီယာတစ်ကျိုက်စုပ်ပြီး

"ဟုတ်ပ၊ ရုပ်ရည်ကလေးရော၊ စိတ်ဓာတ်ပါ ဘာမှပြောစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိတာကို ဟိုကောင်က တမင်ဝင်ကြမ်းနေတာ”

ဗိုက်ပူက တစ်စခန်းထ၍

“ငါတော့ အဲဒီကောင်မျက်နှာကို လက်သီးနဲ့ပစ်ထိုးလိုက်ချင်တယ်ကွာ၊ တကယ်ပဲ”

ဒါကို ငထွားကပါ

“အေးလေ၊ ဒေးလီးကြေးယူထားလို့သာ နောက်မပဟုတ်ရင်တော့၊ ဟင်းဟင်း ပြောရင်း လက်တောင်ယားလာပြီ”

အားလုံး ဆန်းထူးကို စိတ်နာနေကြ၏။ အတန်ကြာမှ နက်မှောင်က

“ကဲ ပြောတာလဲပြော၊ စားတာလဲစားပြီးပြီဆိုတော့ ဟိုတယ်ပြန်အိပ်မှပဲ၊ တော်ကြာ သူ နိုက်ဆင်းလာခေါ်လို့ မလိုက်နိုင်ရင် မကောင်းဘူးကွ၊ တို့ကိုလူချောတွေ နာမည်ပျက်မယ်”

“အေး ဟုတ်တယ်၊ တော်ကြာ ဒေးလီးကြေးမပေးဘဲနေရင် ကိုယ်တွေပဲ နစ်နာမယ်၊ သွားစို့”

ဆိုပြီး ထထွက်ရန် တစ်ယောက်ပခုံး တစ်ယောက်ဖက်လိုက်ကြသည်။ မဖက်ထား၍မဖြစ်။ စားထားသောက်ထားတာ နည်းမှမနည်းတာ။

“ကဲ သွားမယ်ဟေ့”

ဆိုပြီး ခြေလှမ်းပင် မစရသေးခင်မှာပင်

“အစ်ကို အစ်ကိုတို့ ဒီဝိုင်းက မရှင်းရသေးဘူးလေ”

“ဘာကွ”

စားပွဲထိုးလေး၏စကားကြောင့် နက်မှောင်ထအော်သည်။ နောက် ရှူးကြောင်မူးကြောင်အသံနှင့်

“ဒီဆိုင်မှာ စားချင်တာစား၊ သောက်ချင်တာသောက်၊ ဟိုကောင်မလေးရှင်းမယ် ပြောထားပြီးသားပဲ”







ရုပ်ရှင်လူကြမ်းကြီးများခမျာ
ကြမ်းပြဖို့မပြောနှင့်၊
ခေါင်းပင်
ကောင်းကောင်းမထောင်ရှာတော့၊
ဖင်တွေသိပြီး
လိုက်ပါလာရသည်။

စားပွဲထိုးက မျက်မှောင်ကြုတ် ခေါင်းကုတ်ပြီး

“ဘယ်ကောင်မလေးလဲ”

နက်မှောင်က သူ့ရင်ဘတ်ပြား ပြန်ပုတ်ပြီး

“ငါတို့ကိုခေါ်လာတဲ့ ခပ်ချောချော ကောင်မလေးလေ”

သူ့စကားကို စားပွဲထိုးက

“အာ ဘာမှမပြောသွားပါဘူး၊ သူ့ဘာသာသူ ခဏလာပြီး ပြန်ထွက်သွားတဲ့ဟာကို”

“ဟင်”

မူးနေလျက်နဲ့ အားလုံးမျက်လုံးပြူးသွားသည်။ ဒါကို စိုးကြီးက

“ဟင် ဟင် အဲဒီကောင်မလေးကို မင်းတို့မသိဘူးလား”

သူ့အမေးကို စားပွဲထိုးက

“ဘယ့်နှယ်သိရမှာလဲ၊ ဒီနားကလဲ မဟုတ်ဘူး၊ ခင်ဗျားတို့နဲ့ လာတာ၊ ခင်ဗျားတို့ မသိဘူးလား”

“ဟင်”

အားလုံးမျက်လုံးပြူးသွား၏။ ဘာစကားမှ မပြောနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



သောက်ထားသောအမှုံးပင် ပြေလုလု။ ဒါကို စားပွဲထိုးက

"ကဲ ကဲ ရှုံးကြောင်မှုံးကြောင်မလုပ်နဲ့၊ စားထားသောက်ထားတာ အားလုံးခြောက်သောင်းခွဲ ရှင်း"

"ဗျာ"

အားလုံးတုန်တက်ကုန်၏။ အလကားစားလို့ရတယ်ဆိုပြီး အသားကုန်တွယ်ထားတာ နည်းမှမနည်းဘဲကိုး။ ဒါကို ဗိုက်ပူက သူ့ဗိုက်လေးသူပွတ်ပြီး အသံရှုံကြီးဖြင့်

"ဟို ဟိုလေ၊ အဲဒီအစ်မလေးက ကျွန်တော်တို့ကိုခေါ်လာပြီး ဒီဆိုင်မှာ စားချင်တာစားဆိုပြီး လာထားသွားတာ အဲဒါနဲ့လေ"

"ဟာ မသိဘူးဗျာ၊ ဘာမှပြောမသွားဘူး၊ ခင်ဗျားတို့စားတာ ခင်ဗျားတို့ရှင်း၊ မရှင်းနိုင်ရင်တော့ ဟော့ကောင်လေးတွေ"

အော်သံကြောင့် ဆိုင်တွင်းရှိလူအားလုံး သူတို့နားဝိုင်းလာကြ၏။ နက်မှောင် ယောင်ပြီး ဖောင်ဆွဲကြည့်သေး၏။ သူ့ပုံစံမြင်တော့ အားလုံးက တကယ်သမရန် ခုံတွေဆွဲကြ၏။ ထိုတော့မှ ဗျာဗျာသလဲဖြင့် ဖောင်ပြန်ပြင်၏။

"ခဏနေဦး၊ ခဏနေဦး၊ မှတ်မိပြီ၊ သူက ဒီကစားပြီးရင် အရှေ့ဟိုတယ်ကို လာခဲ့ဖို့မှာထားတယ်၊ အဲဒီမှာ သူရှိလိမ့်မယ်"

ငထွားစကားကို စိုးကြီးလဲ သတိရပြီး

"ဟုတ်တယ်၊ ဟုတ်တယ်၊ အရှေ့ဟိုတယ်မှာ ကျွန်တော်တို့အတွက် စီစဉ်ထားပေးမယ်ဆိုပြီး ဝင်သွားတာတွေ့တယ်၊ ရှေ့ဟိုတယ်မှာ တစ်ခုခုတော့ စီစဉ်ထားတာ ရှိလိမ့်မယ်"

သူတို့စကားကို ဆိုင်မန်နေဂျာကပါ ဝင်လာပြီး

"အေး ဟုတ်ရင်လဲဟုတ်ပေါ့၊ ဒါဖြင့်လာ၊ ရှေ့ဟိုတယ်သွားကြမယ်၊ ဟော့ အားလုံးဝိုင်းထားကြစမ်း"

ဆိုင်ရှိလူအားလုံး သူတို့ကို ဝိုင်းရံကာ လိုက်ပါလာသည်။





ရုပ်ရှင်လူကြမ်းကြီးများခမျာ ကြမ်းပြဖို့မပြောနှင့်၊ ခေါင်းပင်ကောင်းကောင်းမထောင်ရဲရှာတော့။ ဖင်တွေသီပြီး လိုက်ပါလာရသည်။

ဟိုတယ်ကိုရောက်တော့ မန်နေဂျာကို အဆင်သင့်တွေ့သည်။ နက်မှောင်က ရှေ့ထွက်၍

"ဒီမှာခင်ဗျ၊ ညနေလောက်က ကောင်မလေးတစ်ယောက် ဒီလာပြီး ကျွန်တော်တို့အတွက် မှာထားတာ မရှိဘူးလားခင်ဗျာ"

မန်နေဂျာက ခေါင်းညိတ်ပြီး

"မှာထားတယ်၊ မှာထားတယ်"

ထိုအသံကြားတော့ နက်မှောင်တို့အဖွဲ့ ခေါင်းပြန်ထောင်သွား၏။ ပြီးနောက် ပြုံးပြီး ရင်ကော့ကာ

"တွေ့လား၊ ကျုပ်တို့ပြောသားပဲ၊ ကျုပ်တို့ကို ကလေကချေလို့ မဆက်ဆံပါနဲ့"

ဆိုကာ ရှိစုမဲ့စု ကော်လံထောင်လိုက်သေး၏။ နောက်မှ ဟိုတယ်မန်နေဂျာဖက်လှည့်၍

"ဘာမှာသွားလဲခင်ဗျ"

မန်နေဂျာက မျက်မှောင်ကြုတ်ပြီး

"ဒီကို အရက်မူးရူးနေတဲ့ လူလေးယောက် စားသောက်ဆိုင်မှာ ပိုက်ဆံမရှင်းနိုင်ဘဲ ရောက်လာလိမ့်မယ်၊ အဲဒါ အဆင်သင့်ဖြစ်အောင် ရဲခေါ်ပြီး ဖမ်းခိုင်းလိုက်ပါတဲ့"

"ဗျာ"

"ဘယ်လို"

အားလုံးအံ့အားသင့်သွားကြသည်။ မန်နေဂျာက ဆက်၍

"အဲဒါကြောင့် ခင်ဗျားတို့ထွက်လာကတည်းက ကျွန်တော်ရဲခေါ်ထားပြီးပြီ၊ ဟော လာပါပြီဗျာ"

ဝီးဝေါ် ဝီးဝေါ်နှင့် ဝါယာလက်ရဲကားသံများ။



www.burmeseclassic.com

www.burmeseclassic.com



နက်မှောင်တို့အဖွဲ့ ထွက်ပဲပြေးရမလို ငိုမလိုဖြစ်သွားပြီး

“အောင်မလေး သေပါပြီဗျ”

“ဒေးလီးကြေး ဒေးလီးကြေးမရဘဲ အချုပ်ထဲရောက်ပြီဗျို့ အီး”

“ဟော့ကောင်တွေ ငိုမနေနဲ့ ကျက်သရေယုတ်တယ်၊ ဒူးထောက်ပြီး လက်မြှောက်ထားစမ်း”

သိပ်မကြာပါ။ မှုးယစ်ရမ်းကားမှုနှင့် လေးယောက်လုံး လက်ထိတ်တွေနှင့် ပါသွားကြလေတော့သည်။

ထိုနည်းတူစွာ

× × ×





“ဘာဖြစ်ပြန်တာလဲ ဆန်းထူးရာ၊ မင်းကလဲ ဖြစ်လိုက်မှဖြင့်ကွာ”

အောင်ထွန်း အိမ်ထဲပြေးဝင်လာပြီး ကိုယ့်ခေါင်းကိုယ် အုပ်ကိုင်ထားသော ဆန်းထူးကို မေးလိုက်သည်။ အရှေ့မှာလဲ လူကြမ်းကြီးများ ကသစ်ကို ခြိမ်းခြောက်နေသောခွေး ဖွင့်လျက်ကြီး။ ဒါကို ဆန်းထူးက ငိုမဲ့မဲ့နှင့်

“ဘာဖြစ်တာလဲ ဒီမှာကြည့်စမ်း”

လက်ထဲဆုပ်ကိုင်ထားသော ဓာတ်ပုံနှင့်စာရွက်များကို အောင်ထွန်းလက်ထဲ ထိုးထည့်ပေးလိုက်သည်။

“ဟာ”



www.burmeseclassic.com

www.burmeseclassic.com



မာတ်ပုံနှင့်စာများမြင်တော့ အောင်ထွန်းပင် မျက်လုံးပြူးပြီး ပျာတောက်သွား၏။

"ဟင် ဟင် ဒါက ဘယ်လိုဖြစ်တာလဲ"

ကယောင်ကတမ်းရေရွတ်သံ။ ဒါကို ဆန်းထူးက ငိုမဲ့မဲ့နှင့်

"ငါလဲမသိလို့ မင်းကို ခေါ်ရတာပေါ့ကွ၊ တောက် ငါထင်တာတော့ ဒီလူကြမ်းတွေ ပိုက်ဆံရမှန်းသိလို့ ကြားကနေဝင်ပြီး တကယ်ပြန်ပေးဆွဲသွားပြီထင်တယ်"

"ဟင်"

အောင်ထွန်းလဲ ကြက်သေသေနေရသည်။ သူလဲ ဇဝေဇဝါဖြစ်နေပုံ။ အတန်ကြာမှ ခေါင်းကို ခပ်သွက်သွက်ရမ်းပြီး

"ဟာ ဒါ ဒါတော့မဖြစ်နိုင်ဘူး၊ သူတို့က လူသိရှင်ကြား လူကြမ်းတွေလေကွာ၊ ဒါမျိုးတော့လုပ်လိမ့်မယ်မထင်ဘူး"

သူ့စကားကို ဆန်းထူးက ငိုသံဝဲကြီးဖြင့်

"မလုပ်ရင် ဘယ်ရောက်သွားမှာလဲကွ၊ အခု ကသစ်လဲ ပျောက်နေတယ်၊ သူတို့ကိုလဲ မတွေ့ဘူး၊ ဖြစ်နိုင်တာ ဒီတစ်နည်းပဲရှိတာပဲကွာ၊ ဒီလူကြီးတွေက ဒေးလီးကြေးရမယ်ဆို ဘာမဆိုလုပ်မယ့်ပုံတွေ"

အောင်ထွန်းတွေသွားသည်။ သူလဲ အခြေအနေကို ရုတ်တရက် မစဉ်းစားနိုင် ဖြစ်နေပုံ။ ဆန်းထူးကသာ ငိုမလိုပုံကြီးနှင့်

"ကဲ အခု သူတို့ကို ဘယ်မှာသွားရှာမှာလဲ"

ဆန်းထူး၏အမေးကို အောင်ထွန်းက

"ဩော် သတိရပြီ၊ သတိရပြီ၊ ငါ့ဆီမှာ သူတို့ဖုန်းနံပါတ်ရှိတယ်"

"အေး ဒါဆို ဆက်ကြည့်ပါလား"

အောင်ထွန်းက ဆန်းထူးကိုပြန်ကြည့်ကာ

"သူ သူတို့က ငါတို့ကို ပြန်ခြိမ်းခြောက်ရင် ဘယ့်နှယ်လုပ်







ဆန်းထူးချော
လမ်းပင်
ကောင်းကောင်းမလျှောက်နိုင်တော့။
ဒူးချောင်ပြီး
ချိုပင်ချိုမလို ဖြစ်နေမိသည်။
ချိုချိုကြီးနှင့်
ဟိုဖက်လျှောက် ဒီဖက်လျှောက်
လုပ်နေမိသည်။

မလဲ"

"အာ ဖုန်းထဲက ခြိမ်းခြောက်တာပဲ၊ ဘာကြောက်စရာရှိလဲ ဆက်ကွာ"

အောင်ထွန်း ကြောက်ကြောက်လန့်လန့်နှင့်ပင် ဖုန်းထုတ်ဆက်လိုက်သည်။

"တီတီတီ၊ တီတီတီ"

ဖုန်းမြည်သံ။

"ဟဲလို"

တစ်ဖက်မှအသံ။ အောင်ထွန်း တုန်တုန်ယင်ယင်နှင့်

"ဟဲလို ကိုနက်မှောင်လား"

တစ်ဖက်မှအသံ ခေတ္တတိတ်သွားသည်။ ပြီးမှ

"နက်မှောင်တို့လူစုကို တာဝန်အရ ရဲစခန်းက ထိန်းသိမ်းထားပါတယ်၊ ဘာကိစ္စများလဲခင်ဗျာ"

"ဗျာ"

"ခလွမ်"

ကြောက်လန့်တကြားနှင့် တယ်လီဖုန်းပင် လွတ်ကျသွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လူတလည်း လန့်လွန်း၍ ကြက်သေ,သေပြီးငြိမ်နေသည်။ ဒါကို ဆန်းထူးက အောင်ထွန်းပခုံးကိုလှုပ်ပြီး

"ဟေ့ကောင် ဘာတဲ့လဲ နက်မှောင်တို့က ဘာတဲ့လဲ"

ထိုတော့မှ အောင်ထွန်းကြောင်တောင်တောင်နှင့် ဆန်းထူးကို ပြန်ကြည့်သည်။ သူ့ခမျာ မြင်ပုံလဲမရ။ ဆန်းထူးကသာ အောင်ထွန်းပါးကိုပုတ်ပြီး

"ဟေ့ကောင် နက်မှောင်တို့က ဘာတဲ့လဲဆို"

"ဟင် ဟင်"

ထိုတော့မှ အောင်ထွန်း သတိပြန်ရကာ ငိုမဲ့မဲ့နှင့် ဆန်းထူးကိုပြန်ကြည့်ကာ

"နက်မှောင်တို့ နက်မှောင်တို့"

ဆန်းထူးက အောင်ထွန်းစကားကို ငံ့လင့်နေသည်။

"အဖမ်းခံလိုက်ရပြီတဲ့"

"ဟာ"

ဆန်းထူး ခြေနှစ်လှမ်းခန့် ယိုင်နဲ့ကာ သူ့ခေါင်းကိုသူ အုပ်ကိုင်ပြီး ငြိမ်နေမိသည်။ နှစ်ယောက်သား ဘာစကားမှ မဆက်မိ။ ခေါင်းတွေချာချာလည်ပြီး ငြိမ်နေမိကြသည်။ တစ်ယောက်ကိုတစ်ယောက်လဲ ကြည့်မနေမိ။ ကိုယ်စီ ရှုပ်ယှက်ခတ်နေသော အတွေးမျိုးဖြင့်သာ ငြိမ်သက်နေသည်။ ဇောချွေးများလဲ ပြိုက်ခနဲ ထွက်ကျလာကြသည်။ အဖြေကိုလဲ စဉ်းစားရသည့်ပုံမပေါ်။ အတန်ကြာမှ ဆန်းထူးသတိရပြီး

"ဟာ သွားပြီ သွားပြီ၊ သူတို့ သူတို့ ဘာမှုတဲ့လဲ"

သူ့အမေးကို အောင်ထွန်းက ငိုမဲ့မဲ့နှင့်

"မင်းကလဲ ဒီလိုကာလကြီးမှာ ဘာမှုရှိမှာလဲ၊ ဒီပြန်ပေးမှုပဲရှိမှာပေါ့"

"ဟာ သွားပြီ၊ သွားပြီ၊ ဒါဆို ငါ့အလှည့်လာတော့မယ်"





ဆန်းထူးခမျာ လမ်းပင်ကောင်းကောင်း မလျှောက်နိုင်တော့။ ဒူးချောင်ပြီး ချိပင်ချိမလို ဖြစ်နေမိသည်။ ချိချိကြီးနှင့် ဟိုဖက်လျှောက် ဒီဖက်လျှောက် လုပ်နေမိသည်။ အတန်ကြာမှ ဆန်းထူးက သတိရပြီး အောင်ထွန်းပခုံးကို ပြေးလှုပ်ကာ

"ဒါ ဒါဆို တို့ဘယ့်လိုဆက်လုပ်မလဲ၊ ဘယ်လိုဆက်လုပ်မလဲ ဟင်"

ထိုစဉ်မှာပင်

"အိမ်ရှင်တို့ အိမ်ရှင်တို့"

အိမ်ရှေ့မှခေါ်သံ။ တိုင်ပင်မထားဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ပြန်ကြည့်မိကြသည်။

"အိမ်ရှင်တို့ အိမ်ရှင်တို့"

ထပ်မံခေါ်သံ။

"ဘာ ဘာဖြစ်ပြန်လဲ မသိဘူး"

"လာ လာပြီးဖမ်းပြီလားမသိ"

နှစ်ယောက်သား တိုင်ပင်မထားဘဲ အိမ်ရှေ့သို့ မျက်နှာအပျက်ပျက် အယွင်းယွင်းနှင့် ထွက်လိုက်မိကြသည်။

အိမ်ရှေ့တွင် သူတို့မသိသော လူစိမ်းသုံးလေးယောက်။

"ကိုဆန်းထူးဆိုတာ"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဆန်းထူးက ရှေ့ထွက်ပြီး

"ကျွန်တော်ပါခင်ဗျာ၊ ဘာကိစ္စရှိလို့လဲခင်ဗျာ"

ဆိုကာ တံခါးကိုဖွင့်ပေးလိုက်သည်။ လူစိမ်းများက အိမ်ထဲလှမ်းဝင်လာပြီး

"ဒီမိန်းကလေးကို သိလား"

ဆိုကာ ဓာတ်ပုံတစ်ပုံ ထုတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com





ဒီအတိုင်း
ဘာမှမလုပ်ဘဲ
ထောင်ထဲသွားတာနဲ့စာလျှင်
နားလည်သူများကို
အကူအညီတောင်းပြီး
ဖြေရှင်းတာက
ပို၍သင့်လျော်နိုင်သည်ပဲ။

"ဟင်"

ကသစ်၏ပုံ။ ဆန်းထူး ယိုင်လဲမတတ် ဖြစ်နေမိသည်။ သူ့ကိုယ်သူ မနည်းပုံမပျက်အောင် ပြန်ထိန်းပြီး

"ဟုတ် ဟုတ် သိပါတယ်၊ ဘာဖြစ်လို့လဲ"

လူစိမ်းက ဆန်းထူးကို အသေအချာကြည့်ပြီး

"သူပျောက်ဆုံးနေမှုမှာ သူ့သူငယ်ချင်းမြူနှင်းက ကိုဆန်းထူး အပေါ် သံသယရှိနေပါတယ်"

"ဟင်"

ဆန်းထူး မျက်လုံးပြူးနေမိသည်။ လူကလဲ ထွက်ပြေးချင်စိတ်ကို အနိုင်နိုင်ထိန်းထားရသည်။

"နောက်ပြီး ဒီမိန်းကလေးနဲ့အတူ ဒီလေးယောက်လဲ ပျောက်နေတယ်"

ကြည့်လိုက်တော့ နက်မှောင်တို့လေးယောက်ပုံ။ မြို့ထဲမှာ လေးယောက်ပူးကြီး လမ်းလျှောက်နေသည့်ပုံ။ ဆန်းထူး ဘာမှမပြော။

"သူတို့လေးယောက်ကလဲ ဒီရက်ပိုင်းအတွင်း ကိုဆန်းထူးရဲ့ အိမ်ကို အဝင်အထွက် ရှိတယ်လို့လဲ သိရပါတယ်"





ဆန်းထူး ဘာမှမပြောနိုင်။ ထွက်ပြေးချင်စိတ်သာ စောနေ၏။

လူစိမ်း၏အမေးကို အောင်ထွန်းကဝင်လာပြီး

"ဒီလိုပါခင်ဗျ၊ ကျွန်တော်တို့သူငယ်ချင်းတွေစုပြီး ကိုလူချော တို့အဖွဲ့ကို ဆန်လှူဒါန်းချင်လို့ပါ၊ အဲ အဲဒါ သူတို့အဖွဲ့ကို ခေါ်ညှိတာ ပါ၊ တခြားဘာမှမဟုတ်ပါဘူး"

လူစိမ်းများက အောင်ထွန်းကိုကြည့်သည်။ အောင်ထွန်းလဲ ကတုန်ကယင်။ လူစိမ်းက သက်ပြင်းချပြီး

"ကဲပါလေ၊ အခုတော့ သက်သေအထောက်အထား မခိုင်မာ သေးတော့ ဘာမှမပြောလိုပါဘူး"

ဆန်းထူးနှင့်အောင်ထွန်းတို့ ဇောချွေးသုတ်နေရသည်။

"ဒါပေမယ့် ဒီရက်ပိုင်းအတွင်း ကိုဆန်းထူးအနေနဲ့ ဘယ်ကိုမှမသွားဖို့နဲ့ ခရီးသွားမယ်ဆိုရင် အကြောင်းကြားဖို့တော့ လိုပါတယ်"

နှစ်ယောက်သား အသံပင်မထွက်နိုင်ဘဲ ခေါင်းသာညိတ်ကြသည်။

"ကဲ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

လူစိမ်းများ ပြန်လည်ထွက်ခွာသွားကြသည်။ ထိုတော့မှ တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး

"ဟေ့ကောင် လုပ်ကြပါဦး၊ လုပ်ကြပါဦး၊ ငါတို့တော့ ဒုက္ခရောက်ပြီ"

ဆန်းထူး၏ ကတုန်ကယင်စကား။ အောင်ထွန်းက ဆန်းထူးလက်ကိုဆွဲပြီး

"ဟေ့ကောင် ရုပ်မပျက်နဲ့ဦးဟ၊ ဟိုအဖွဲ့က မဝေးသေးဘူး၊ လာ အထဲကိုလာ"

နှစ်ယောက်လုံး ကတုန်ကယင်နှင့် တစ်ယောက်ပခုံးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖက်ပြီး အိမ်ထဲပြန်ဝင်လိုက်ကြသည်။ အိမ်ထဲရောက်တော့မှ မရည်ရွယ်ဘဲ လမ်းပတ်လျှောက်ပြီး

“ကဲ ငါတို့ ဘယ်လိုဆက်လုပ်ကြမလဲ”

အောင်ထွန်း သူ့ခေါင်းကိုသူ အုပ်ကိုင်ထားသည်။

“နေပါဦးကွာ၊ ငါစဉ်းစားပါရစေဦး”

ဆန်းထူးက ငိုမဲ့မဲ့နှင့်

“စဉ်းစားရင်လဲ မြန်မြန်စဉ်းစားကွာ၊ ငါက မကြာခင် ထောင်ကျတော့မှာ”

“နေပါဦးကွာ”

အောင်ထွန်း ခေါင်းကိုအုပ်ပြီး ပြန်ငြိမ်နေသည်။ သူလဲ ဒီအမှုအတွက် အပြင်းအထန် စဉ်းစားနေပုံ။ ဆန်းထူးကတော့ ထူပူပြီး ဘာအကြံဉာဏ်မှ မထွက်တော့။ အတန်ကြာမှ အောင်ထွန်းက မျက်နှာဝင်းလက်ကာ

“အေး ဟုတ်ပြီ၊ ဒီလိုလုပ်”

“ဘယ်လိုလုပ်ရမလဲ”

ဆန်းထူး ရှေ့တိုးလာသည်။ အောင်ထွန်းက ဆန်းထူးကိုကြည့်ပြီး

“ငါတို့ စုံထောက်တစ်ယောက်ငှားမယ်”

“ဟင် စုံထောက်ငှားမယ်”

“အေး ဟုတ်တယ်၊ စုံထောက်ငှားရမယ်”

အောင်ထွန်းစကားကြောင့် ဆန်းထူးငိုမဲ့မဲ့ဖြစ်သွားကာ

“ဟာ စုံထောက်ငှားမယ်ဆို၊ ငါအရင်ဆုံး အဖမ်းခံရမှာပေါ့၊ သူ့ကို ကိုယ့်အမှုကိုယ် အရင်ဖော်သလို ဖြစ်သွားမှာပေါ့”

ဆန်းထူးစကားကို အောင်ထွန်းက ခေါင်းယမ်းခါပြီး

“အဲဒီလိုစုံထောက်မဟုတ်ဘူး၊ ငါပြောတာ အလွတ်စုံထောက်”





“အလွတ်စုံထောက်”

ဆန်းထူး မျက်မှောင်ကြုတ်သွားသည်။ သူလဲ စဉ်းစားလို့မရဖြစ်နေပုံ။

“နေပါဦး၊ မြန်မာပြည်မှာ အလွတ်စုံထောက်ရှိလို့လား”

အောင်ထွန်းက ခေါင်းခါပြန်သည်။

“အပြင်မှာတော့ မရှိဘူး”

“ဘယ်လို၊ ဒါဆို ဘယ်မှာရှိလဲ”

“ရုပ်ရှင်ထဲမှာရှိတယ်”

“ဘာ”

ဆန်းထူးလန့်ပြီး ထအော်သည်။ နောက် ဒေါသထွက်ဟန်နှင့်

“လာပြန်ပြီလား၊ ရုပ်ရှင်စုံထောက်”

သူ့စကားကို အောင်ထွန်းကခေါင်းညိတ်ပြီး

“ဟုတ်တယ်၊ ရုပ်ရှင်စုံထောက်”

ဆန်းထူး သူ့ခေါင်းကိုသူ ဖွကုတ်လိုက်ပြီး အောင်ထွန်းကို လက်ညှိုးငေါက်ငေါက်ထိုးကာ

“မင်းကွာ၊ ရုပ်ရှင်လူကြမ်းတွေလုပ်လို့ ထောင်ကျကာနီးတာကို ရုပ်ရှင်စုံထောက်ကို ခေါ်ဦးမှာလား၊ ငါ့ကို တကယ်ထောင်ကျစေချင်လို့လား၊ ဒါမှ သေဒဏ်ဖြစ်မှာလား”

အောင်ထွန်းခေါင်းခါသည်။ ပြီးနောက် လေသံအေးအေးဖြင့်

“အဲသည်လိုမဟုတ်ဘူး သူငယ်ချင်း”

ဆန်းထူးက အောင်ထွန်းကို စူးစိုက်ကြည့်နေသည်။

“ရုပ်ရှင်လူကြမ်းတွေ အလုပ်မဖြစ်ပေမယ့် ဒီလူက ရုပ်ရှင်စုံထောက်ကားပေါင်း ရာချီရိုက်ခဲ့ဖူးတယ်”

ဆန်းထူးက အောင်ထွန်းကို အထူးအဆန်းသဖွယ် ငေးနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒါကြောင့် စုံထောက်ခြင်းနည်းပညာနဲ့ဆိုရင် အတော်ကလေးကို နီးစပ်တယ်၊ အခုတော့ စုံထောက်ဇာတ်ကားတွေ အလုပ်မဖြစ်တော့တဲ့အခါ သူလဲ နားနေရတယ်"

"အဲဒီတော့"

"အဲဒီတော့ သူ့ကိုခေါ်ပြီး ဒီအမှုအတွက် စဉ်းစားခိုင်း၊ စုံစမ်းခိုင်းရင် တို့အတွက် အထောက်အကူဖြစ်လိမ့်မယ်လို့ ငါယုံကြည်တယ်"

ဆန်းထူးသက်ပြင်းချသည်။ သူ့ခမျာ သက်ပြင်းချရုံသာ တတ်နိုင်၍ သက်ပြင်းချခြင်းပင်။

အောင်ထွန်းပြောတာလဲ အနည်းငယ်သဘာဝကျနေပြန်ပါသည်။ ဒီအတိုင်း ဘာမှမလုပ်ဘဲ ထောင်ထဲသွားတာနဲ့စာလျှင် နားလည်သူများကို အကူအညီတောင်းပြီးဖြေရှင်းတာက ပို၍သင့်လျော်နိုင်သည်ပဲ။ ထို့ကြောင့် စိတ်လျှော့၍

"ကဲ ကောင်းပါပြီ၊ သူ့ကိုခေါ်ရင်ရော"

"ဒေးလီးကြေးပဲပေးပေါ့၊ သူလဲ အလုပ်မဖြစ်လို့ နားနေရတာပဲ"

လာပြန်ပြီ ဒေးလီးကြေး။ ယခင်လူကြမ်းတွေနဲ့ ထိထားတဲ့ ဒေးလီးကြေးတွေကြောင့် သိပ်တော့မယုံချင်။ သို့သော် သိပ်ထူးတော့မည်မဟုတ်။ တစ်ယောက်ပိုလာရုံနှင့် သူ့စီးပွား ဘာမှမထိခိုက်နိုင်။ ဟိုမှာပေးရမည့် သိန်းတစ်ရာဆိုတာနဲ့စာလျှင် ပျော့ပျော့ပြပြလေး။

"ကဲ ဟုတ်ပါပြီ၊ သူ့နာမည်က"

"ဆားပုလင်းသက်ပြင်း"

× × ×





ရုပ်ရှင်မင်းသားပြုတ် စုံထောက်ကျော်ဆားပုလင်းသက်ပြင်း ခြေကိုချိတ်၍ စီးကရက်ဖွာနေသည်။

သူ့ပုံစံကလဲ မြန်မာစုံထောက်မှန်းသိအောင် သက္ကလပ် ကုတ်အင်္ကျီမတော်တရော် အထူကြီးဝတ်ထားပြီး မာဖလာပတ်ထားသည်။ ခေါင်းမှာလဲ သက္ကလပ် လျှာထိုးဦးထုပ်ကို တစောင်းဆောင်းထားပြီး ဘန်ကောက်ပုဆိုးလဲ ဝတ်ထား၏။ ခြေထောက်တွင်လဲ ခြေအိတ်ကြီးစွပ်ထားတာ ကြည့်ခြင်းအားဖြင့် ဘွတ်ဖိနပ်လဲ စီးလာပုံရ၏။

"အိုင်ဆေးကိုအောင်ထွန်း အမှုအခြေအနေလေး ပြောပါဦး"

"ဒီလိုပါကိုသက်ပြင်း"



www.burmeseclassic.com

www.burmeseclassic.com



အောင်ထွန်းက အမှုစဖြစ်ပုံမှစ၍ ရှင်းပြသည်။ အတန်ကြာ ရှင်းပြပြီးတော့

"ရပ်"

ဆားပုလင်းသက်ပြင်း လက်ကာပြသည်။ ပြီးနောက် လွန်စွာ ပီသကြည်မြသော ငါးပိသံကြီးဖြင့်

"အမှုက ဒီမှာတင် ပေါ်နေပြီဗျို့ ကိုအောင်ထွန်းရ"

ဆန်းထူးရော အောင်ထွန်းပါ အံ့အားသင့်သွားသည်။ ထို့ကြောင့် သိချင်ဇောဖြင့်

"ဟင် ဘယ်မှာလဲ"

ဆားပုလင်းသက်ပြင်းက မထီတရီလေး ကြည့်ကောင်းအောင် ပြုံးပြီး

"ဒီမှာလေဗျာ၊ အိုင်ဆေးကောင်မလေးကို သွားခြိမ်းခြောက်တာက ကျောက်မြောင်းမှာ၊ ဒီလူကြမ်းကြီးနက်မှောင်တို့ ပျောက်သွားတာက ဟောဒီမှာကြည့်စမ်း"

ဆားပုလင်းသက်ပြင်းက ကသစ်ပုံကို လက်မနှင့်ပိတ်ပြီး အနောက်ကလူကြမ်းများပုံကို ပြသည်။

"ဟောဒီလူကြမ်းကြီးတွေအနောက်ကို ကြည့်စမ်း၊ ဒါဟာ ရန်ကုန်မြို့ပြင်တစ်နေရာပဲ"

"ဟာ"

ဆားပုလင်းသက်ပြင်း၏ တွေ့ရှိစဉ်းစားနိုင်ပုံကို အံ့အားသင့်သွားကြသည်။

"နောက်ပြီး ဟောဒီစာကိုလာပို့တာက ကလေးငယ်တစ်ယောက်ဆိုတာပဲ၊ ဟောဒီလက်ရေးက ယောကျ်ားလက်ရေး မဟုတ်ဘူးဗျ၊ မိန်းမလက်ရေး"

ဆားပုလင်းသက်ပြင်း ရှင်းပြတော့လဲ ရှင်းခနဲ ကွင်းခနဲ။







အချိန်က
နှစ်ရက်ပဲရတော့တာ၊
ဒီဆီပုံ မူလတန်းကနေ
ပြန်စလိုက်နေရင်
ကျုပ်ထောင်ထဲမှာ ဒို့သေမှ
ဒီအမှုပေါ်တော့မှာပေါ့ဗျ၊
ခင်ဗျားကလဲ

ဆားပုလင်းသက်ပြင်း စာရွက်ကို အသေအချာပြန်ကြည့်သည်။ ပြီးမှ အားရဝမ်းသာဖြင့်

"ဟုတ်ပြီဗျို့၊ ဟောဒီဟာက ဘောကြားနဲ့ရေးထားတာပဲ"

သူ့စကားကို အောင်ထွန်းက အားရဝမ်းသာဖြင့်

"ဟင် ဘောကြားနဲ့ရေးထားတာဆိုတော့ ဘောကို အကြားလေးဆေးသုတ်ပြီး ရေးထားတာပေါ့နော်၊ အဟိ တစ်မျိုးကြီး"

စပ်ဖြဲဖြဲဖြစ်နေသော အောင်ထွန်းကို သက်ပြင်းပြန်ကြည့်ပြီး စိတ်ဆိုးဟန်ဖြင့်

"မင်းမေကြီးတော်၊ စကားကောင်းနေတုန်း သောက်ဖောင်းလာမထုနဲ့၊ ဖီး(လ်)ပျက်တယ်"

"ဟုတ် ဟုတ်"

အောင်ထွန်းခမျာ သူ့ဆရာမို့ ပြန်ရိုနေရလေသည်။

"ဒါကိုကြည့်ခြင်းအားဖြင့် ဒီစာရေးသူဟာ မိန်းကလေးဆိုတာ သေချာတယ်ဗျို့၊ ဘာလို့လဲဆိုတော့ မိန်းကလေးများဟာ ကပ်စေးနဲကြတယ်လေ၊ ဒါကြောင့် အရေးပေါ် ဒီစာကိုရေးဖို့ ဘောဝင်သွားဝယ်တဲ့အခါ တစ်ခါသုံး ဈေးအနည်းဆုံးဘောကြားကိုဝယ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရေးခဲ့တာပဲ၊ ဟောဒီမှာတွေ့လား၊ ဘောပင်က အသစ်ကြီးမို့ အစပိုင်းမှာ မင်မလိုက်တဲ့ အစအနတွေ တွေ့နေရတယ်ဗျို့”

သက်ပြင်း၏စကားများကြောင့် ဆန်းထူးရော အောင်ထွန်းပါ အားတက်သွား၏။ ဒီအတိုင်းဆို အမှုမှန်ပေါ်ဖို့ မဝေးတော့ပြီပဲ။

“ဒါ ဒါဆို ဘယ်လိုစုံစမ်းရမှာလဲ”

ဆန်းထူးအမေးကို သက်ပြင်းက ရှိစုမဲ့စု ပေါက်နေသော မုတ်ဆိတ်ကို ပြန်စမ်းသည်။ ပြီးမှ

“လွယ်ပါတယ်၊ ဒီလက်ရေးကိုယူပြီး ကျောင်းတွေကိုလိုက်သွားမယ်၊ ပြီးရင် လက်ရေးတွေတိုက်ဆိုင်ပြီး သူဘယ်သူလဲဆိုတာ အရင်ဖော်ထုတ်မယ်၊ အဲ လက်ရေးရှင်ကို သိရပြီဆို၊ သူ ဘာကြောင့် ဒီစာကိုရေးတယ်ဆိုတာ ဆက်စုံစမ်းမယ်၊ ပြီးမှ”

သူ့စကားများကြောင့် ဆန်းထူးတင်းသွားသည်။

“ဟာ အချိန်က နှစ်ရက်ပဲရတော့တာ၊ အဲဒီလို မူလတန်းကနေ ပြန်စလိုက်နေရင် ကျုပ်ထောင်ထဲမှာ အိုသေမှ ဒီအမှုပေါ်တော့မှာပေါ့ဗျ၊ ခင်ဗျားကလဲ”

ဆားပုလင်းသက်ပြင်းမျက်နှာ တစ်ချက်တော့ ဖယိုသွား၏။ သို့သော် ဝါရင့်စုံထောက်မို့ ချက်ချင်းစုံထောက်စရိုက် ပြန်ဖမ်းလိုက်ပြီး

“မဟုတ်ဘူးလေ၊ အမှုကို အခြေခိုင်အောင်လုပ်မှ”

သူ့စကားမဆုံးခင် ဆန်းထူးကဖြတ်၍

“ဟာဗျာ၊ အခြေခိုင်အောင် လုပ်စရာမလိုပါဘူး၊ အဓိက ဒီလူပျောက်က တကယ်ပျောက်မပျောက် သိဖို့ပဲလိုတယ်၊ ဒါကို ဘယ်လိုလုပ်မလဲ”

ဆန်းထူးစကားကို သက်ပြင်း သက်ပြင်းချပြီး

“ဒါဆိုလွယ်ပါတယ်ဗျာ၊ သူနေတဲ့အိမ်ကို အရင်စုံစမ်းတာ





ပေါ့”

ဆန်းထူးလဲ သက်ပြင်းချသည်။

“ကဲ ဒါဆို သူတို့ရဲ့ဓာတ်ပုံ ယူသွားပေါ့”

ဆိုကာ ကသစ်နှင့်မြူနှင်း နှစ်ယောက်တွဲရိုက်ထားသော ဓာတ်ပုံကို ထုတ်ပေးလိုက်သည်။ ဆားပုလင်းသက်ပြင်း အပီအပြင်ပြုံး၍ ဓာတ်ပုံကို တစ်ချက်သာ စောင်းငဲ့ကြည့်ပြီး

“မလိုပါဘူးဗျာ၊ ကျုပ်က တစ်ခါကြည့်ရုံနဲ့ တစ်သက်လုံး မှတ်မိပါတယ်ဗျ”

ယုံကြည်မှုများစွာဖြင့် ဆန်းထူးနှင့်အောင်ထွန်း သူတို့ဝါရင့်စုံထောက်ကြီးကို ငေးလျက်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းသက်ပြင်း ကုတ်အင်္ကျီတဖားဖားနှင့် ကျောက်မြောင်းထဲ လမ်းသလားနေရသည်။ သူ့ခမျာလဲ အိမ်ပေါ်မတက်ရဲ၊ ဘေးလူများလဲ မမေးရဲနှင့် ယောင်လည်လည် ဖြစ်နေရသည်။သူက ရုပ်ရှင်ထဲမှာသာ စုံထောက်၊ အပြင်မှာဆို ဘာမှမဟုတ်၍ ဘယ်ကစလုပ်ရမှန်းမသိ။ နောက်မှ

"မထူးပါဘူးလေ၊ နီးရာဆိုင်တစ်ဆိုင်ထိုင်ပြီး အိမ်ထဲလူရှိမရှိ အကဲခတ်ရတာပေါ့"

ဟုတွေးမိကာ တွေ့ကရာဆိုင်ထဲ လှမ်းဝင်လိုက်သည်။

"ဟေ့ ဒီမှာ ဘီအီးတစ်ပိုင်း ဆော်ဒါ ရေခဲနှစ်တုံးထည့်"

သူ့စကားကို အနောက်ကကြားရသောအသံက





"ဟော့ ဒါ လက်ဖက်ရည်ဆိုင်ကွ၊ ဘာလာကြောင်နေတာလဲ"

ဝါရင့်ရုပ်ရှင်ဆားပုလင်းသက်ပြင်း ရုပ်အနည်းငယ် ဖယို သွားပြန်သည်။ နောက်မှ မာန်ပြန်တင်းရင်း

"မှားတဲ့အခါလဲ မှားမှာပေါ့ကွာ၊ ကျဆိမ့်ရိုးရိုးတစ်ခွက်ပဲလုပ်၊ ဆေးပေါ့လိပ်ချ"

"တန်ရာတန်ရာလုပ်တာ မဟုတ်ဘူး၊ ရုပ်ကိုက"

ဆားပုလင်းသက်ပြင်း ဘာမှဆက်မပြောတော့။ "သူ့အရည်အချင်းကို နားမလည်နိုင်သေးတာပဲ"ဟုသာ အောက်မှတ်၍ ငြိမ်နေလိုက်သည်။

နောက်တော့ ဆေးပေါ့လိပ်လေးဖွာ၊ လက်ဖက်ရည်လေး ဇိမ်ခံသောက်ကာ ညွှန်ပြရာ မြေပုံအိမ်သို့ မသိမသာလှမ်းရှိုးနေလိုက်သည်။

နာရီစက္ကန့်တံများ ဖြည်းညင်းစွာ ရွေ့လျားနေသည်။ မည်မျှကြာမြင့်ပြီလဲဆိုလျှင် ဆားပုလင်းသက်ပြင်း ရေနွေးကြမ်းတောင်းလွန်းလို့ ဆိုင်က ငြိုငြင်သည့်အချိန်။ အရှက်မရှိ၊ ဆိုင်နောက်ဖေးအပေါ့သုံးကြိမ်သွားပြီးချိန်မျှ ဖြစ်ပါသည်။

ပျင်းပျင်းရိရိနှင့် ထပြန်မည်အလုပ်မှ

"ဟာ"

သူကြည့်နေသောအခန်းမှ ရိပ်ခနဲဖြတ်သွားသော အရိပ်တစ်ခု။

"ဟာ"

သက်ပြင်း ပါးစပ်ထဲကိုက်ထားသော ဆေးပေါ့လိပ်ပင် ပြုတ်ကျသွား၏။

ဟုတ်ပါသည်။ ထင်ထင်ရှားရှား မြင်နေရသော အရိပ်တစ်ခု။



www.burmeseclassic.com

www.burmeseclassic.com





ဪ ဟုတ်လား၊
နောက်ဆုံးကြည့်ရတာ
ဆားပုလင်းသက်ပြင်းနဲ့
ထဘီခြုံလင်းတာဖြစ်ကားနော်။
သိပ်ရယ်ရတာ
ဟင်းဟင်း

"ဟော့ ဒီမှာဟော့"

သက်ပြင်း တစ်ထောင်တန်တစ်ရွက် ပစ်ချပြီး ပြန်အမ်းပင် မယူတော့ဘဲ ထိုတိုက်တန်းပေါ် ပြေးတက်သွားသည်။

တိုက်ခန်းတံခါးဝနားရောက်တော့ ဘာလုပ်ရမှန်းမသိ။ အလုပ်ရှင်ဆန်းထူးတို့ကို ခေါ်လိုက်ရမှာလား။ သူကိုယ်တိုင်ပဲ ဝင်ဖမ်းရလေမလားဟု ဇဝေဇဝါ ဖြစ်နေမိသည်။ နောက်မှ

"အို သေချာမှပဲ ခေါ်တော့မယ်"

ဟု စဉ်းစားမိပြီး အခန်းတံခါးကို အရဲစွန့်၍ခေါက်လိုက်သည်။

"ဒေါက် ဒေါက် ဒေါက်"

ရွေးလျားလာသော ခြေသံများ။

"ကျွီ"

တံခါးဖွင့်သံ။

မိန်းကလေးတစ်ယောက်။ ဆန်းထူးတို့ပြသသော ဓာတ်ပုံထဲက နှစ်ယောက်ထဲကတစ်ယောက်။ အင်္ကျီအပြာရောင်ဝမ်းဆက်ဝတ်ထားသည်။ ကော်ဖီခွက်ကိုကိုင်ပြီး သက်ပြင်းကို တအံ့တသြ ကြည့်သည်။ မျက်မှောင်ကြုတ်၍ သက်ပြင်းကို ခြေဆုံးခေါင်းဆုံးကြည့်သည်။





နောက်မှ

"ဘာကိစ္စလဲ"

သက်ပြင်းလဲ ရင်ကော့၍

"ကျွန်တော်က အလွတ်စုံထောက် ဆားပုလင်းသက်ပြင်းပါ"

မိန်းကလေးက သက်ပြင်းကို ခြေဆုံးခေါင်းဆုံး ပြန်ကြည့်ပြီး ပြုံးကာ

"ဪ တွေ့ဖူးတယ်၊ တွေ့ဖူးတယ်၊ ဗီဒီယိုထဲမှာ၊ လာလေ ဘာကိစ္စလဲ"

သက်ပြင်းလဲ သူ့ကိုသိနေ၍ ဘဝင်မြင့်သွားသည်။ ထို့ကြောင့် စုံထောက်ဟန်အပြည့်နှင့် အိမ်ထဲလှမ်းဝင်ကာ

"ကျုပ်ရဲ့အမှုသည် ဦးဆန်းထူးအပ်ထားတဲ့ အမှုတစ်ခုအတွက် မေးစရာလေးရှိလို့ပါ"

သူ့စကားကို မိန်းမပျိုက ပျူငှာစွာပင်

"ရပါတယ်၊ မေးစရာရှိတာမေးပါ၊ သမီးက ကိုကြီးပရိသတ်၊ ကိုကြီးကားတွေ အားလုံးကြည့်တယ်၊ ရယ်ရလို့ ဟီဟိ"

သက်ပြင်း အနည်းငယ်နင်သွားသည်။ သူရိုက်ခဲ့သမျှ အတည်ကားတွေချည်း။ ယခု ကောင်မလေးက ရယ်ရလို့ဆို၍ စိတ်ထဲ တစ်မျိုးဖြစ်သွားသေး၏။ နောက်မှ စိတ်ပြန်လျှော့ပြီး ခုံတစ်ခုမှာဝင်ထိုင်ကာ

"ဒီကညီမနာမည်က ကသစ်နော်"

ကောင်မလေးက မျက်မှောင်ကြုတ်ကာ

"ကသစ်မဟုတ်ပါဘူး၊ သမီးက ကသစ်ရဲ့သူငယ်ချင်းမြနှင်း"

"ဟင်"

သူထင်သလိုမဖြစ်၍ ဆားပုလင်းသက်ပြင်း မျက်နှာကြီး ဖယို သွားသေး၏။ သူလဲ ဓာတ်ပုံထဲကသာ ကြည့်လာတာ ဘယ်ဟာ ကသစ် ဘယ်ဟာ မြနှင်းမှန်းမှ မသိတာ။ နောက်မှ မာန်ပြန်တင်းကာ



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ညီမလေးမြှုနှင်းရဲ့သူငယ်ချင်း ကသစ်က"

ကောင်မလေးက ဟိုကြည့်ဒီကြည့်လုပ်ကာ

"ကသစ်ပျောက်နေတယ်လေ၊ လူပျောက်တောင် တိုင်ထားတာပဲ"

ဆားပုလင်းသက်ပြင်း စုံထောက်ဟန်အပြည့်နှင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ဘယ်တုန်းကပျောက်တာလဲ"

ကောင်မလေးက အရှေ့မှာရှိသော သတင်းစာများခေါက်သိမ်းရင်း

"တိုင်တဲ့နေ့က ပျောက်တာပဲ၊ အဲ အတော်ပဲ ကိုကြီးကိုတွေ့တာနဲ့ တစ်ခါတည်း အမှုအပ်လိုက်မယ်၊ အဲဒီလူပျောက်မှု လိုက်ပေးပါလားဟင်"

သက်ပြင်း ဘဝင်ပြန်မြင့်သွားသည်။ သူ့ကို ယုံကြည်စွာနှင့် အမှုအပ်သူ နောက်တစ်ယောက် ထပ်ပေါ်လာပြီကိုး။

"ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ကာ"

သူစကားပင်မဆုံးလိုက်။ ကောင်မလေးက

"ကျွန်မသူငယ်ချင်းကိုလေ၊ ဟို ဆန်းထူးတို့လူစုက ပြန်ပေးဆွဲထားတယ်လို့ ထင်တာပဲ၊ အဲဒါ ဦးလိုက်ပေးပါလားဟင်၊ အမှုလိုက်ခ ဘယ်လိုယူလဲ"

"ဟင် ဘယ်လို"

သူထင်ထားသလို မဟုတ်၍ အံ့အားသင့်သွားသေး၏။ ဒါကို ကောင်မလေးက

"ဒါတွေ နောက်မှရှင်းပြပါ့မယ်၊ အမှုလိုက်မလား၊ မလိုက်ဘူးလားသာ ပြောပါ"

စိတ်ချလက်ချအပ်နေသည်မို့ သက်ပြင်းလဲ ဝမ်းသာကာ





"ဟို ဟိုလေ အလုပ်မရှိချိန်မို့ ဒေးလီးကြေးပဲပေးပါ"

ကောင်မလေးက ခေါင်းညိတ်ပြီး

"ကောင်းပြီလေ၊ အမှုမှန်တော့ အမြန်ဆုံးပေါ်စေချင်ပါတယ်၊ ဪ ဒါနဲ့ အခုဘာကားရိုက်နေလဲ"

"အဟဲ အခုက စုံထောက်ခေတ်မဟုတ်တော့ အလုပ်က နားနေရတယ်"

"ဪ ဟုတ်လား၊ နောက်ဆုံးကြည့်ရတာ ဆားပုလင်းသက်ပြင်းနဲ့ ထဘီခြုံလင်းတဖြစ်ကားနော်၊ သိပ်ရယ်ရတာ ဟင်းဟင်း"

"ရယ်ပါ ရယ်ပါ ရယ်ရရင်ရယ်ပါ၊ ဟင်းဟင်း"

သက်ပြင်း ဒေးလီးကြေးထပ်ရမှာမို့ စိတ်ကြိုက်ပေးရယ်လိုက်သည်။ အမှန်တော့ သူ့ဇာတ်ကားက ရယ်စရာကားမဟုတ်။ တကယ့်အတည်ကားကြီး။

"ကဲ ဒါဖြင့် ကိုသက်ပြင်းလဲ လစ်ချင်လစ်လိုက်တော့လေ"

"ဪ လစ်ရတော့မှာလား"

"လစ်လိုက်တော့ပေါ့၊ ဟို ကျွန်မသူငယ်ချင်းတွေ့ရင်သာ ဒေးလီးကြေးလာထုတ်ပေါ့၊ ဟုတ်ဖူးလား"

"အင်း အင်း ဟုတ်ပါပြီ၊ အဲဒီကောင်မလေးတွေ့ရင်သာ ကိုကြီးကို ဒေးလီးကြေးမမေ့နဲ့နော်၊ လစ်ပြီ သိလား"

"လစ်ချင်သလိုလာလစ်"

"ဒါဖြင့် လစ်ပြီ"

ဆားပုလင်းသက်ပြင်း လစ်လာခဲ့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်း ခြေလှမ်းတွေပေါ့ပါးနေသည်။ ရုပ်ရှင်မှာ အလုပ်မဖြစ်တာ ကြာပြီဖြစ်နေချိန်၌ ယခုမှ ဒေးလီးကြေးပြန်ရပြီး အလုပ်အပ်ခံရ၍ စန်းငုပ်နေရာမှ အလိုအလျောက် စန်းပြန်တောင်လာပြီဟု သူတွေးနေမိသည်။

“အဲ. . ဒီလိုပဲ လျှောက်သွားနေလို့မဖြစ်ဘူး၊ ဟိုကလဲ ဒေးလီးကြေးပေးလို့ တန်အောင် ရထားသမျှသတင်းတွေ သတင်းပြန်ပို့ဦးမှ”

ဟုတွေးမိပြီး ဆန်းထူးတို့အိမ်ဖက်သို့ ခြေဦးပြန်လှည့်လိုက်သည်။ စိတ်ထဲတွင်လဲ

“ဒေးလီးကြေး ဒေးလီးကြေး၊ ကံကောင်းရင် နိုက်ဆင်း(နှ)





ပါ ရချင်ရမှာ ဟီဟိ”

သူ့အတွေးနှင့်သူ ရွှင်လန်းနေသည်။ ဤသို့ဖြင့်. .

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံ။ ဆန်းထူးလှမ်းကြည့်လိုက်တော့ သူတို့၏စုံထောက်ကျော်ကြီး ဆားပုလင်းသက်ပြင်း။ စီးကရက်ခဲပြီး အိမ်ဝမှာရပ်နေ၏။ သူ့ပုံက တစ်ခုခုကို အဖြေသိလာပုံ။ ဆန်းထူး ဝမ်းသာအားရပင် အိမ်တံခါးသွားဖွင့်ပေးလိုက်သည်။

"သိပြီလား သိပြီလား၊ သူဘယ်မှာရှိလဲဆိုတာ သိရပြီလား"

သူ့နောက်မှာ အောင်ထွန်းကလဲကပ်လျက်။ စုံထောက်ကျော်ကြီး တစ်ခွန်းမှမဟာဘဲ အိမ်ထဲလှမ်းဝင်လာသည်။ နောက် ဆိုဖာပေါ် အကျအနထိုင်ပြီး စီးကရက်ကို စိမ်ပြေနပြေ ရှိုက်လိုက်သေး၏။ ဆန်းထူးနှင့်အောင်ထွန်းသာ သိချင်စိတ်နှင့် ထိုင်ရမလို ထရမလို။ စုံထောက်





ကြီး စီးကရက်ပြာချွေရင်း

"ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ကာ ကျုပ်ရဲ့စုံထောက်သက်တမ်းအတွေ့အကြုံအရဆိုရင် သိပ်ပြီးတော့ကို ရှုပ်ထွေးလွန်းတဲ့ အမှုပါပဲ"

ဟိုနှစ်ယောက်က သူ့ကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေသည်။ ဆားပုလင်းသက်ပြင်း စီးကရက်ကိုပြန်ဖွာပြီး

"ကသစ်ဆိုတဲ့ ကောင်မလေးအမှု၊ အဲ သူနဲ့မရှေးမနှောင်း ပျောက်ဆုံးသွားတဲ့ လူကြမ်းကြီးများအမှု၊ အဲဒီအမှုတွေရဲ့အခြေခံ၊ ဦးဆန်းထူးရဲ့ မြူနှင်းအပေါ် ခြိမ်းခြောက်မှု၊ အားလုံးက လုံးထွေးနေလေတော့ အစရှာမရသလို ဖြစ်နေခဲ့ရတယ်"

ဆန်းထူးနှင့်အောင်ထွန်းက ဘာမှမပြောနိုင်ဘဲ ပါးစပ်အဟောင်းသားနှင့်သာ ငေးကြည့်နေရရှာသည်။

"ဒါတွေအားလုံးကို ကျုပ်ရဲ့ဝါရင့်စုံထောက်သက်နဲ့ နှိုင်းယှဉ်ရှာဖွေလိုက်တော့ အဓိကအချက်တစ်ခု သွားတွေ့တယ်"

"အဲ အဲဒါဘာလဲဟင်"

ဆန်းထူး၏အလောတကြီးအမေး။ ဆားပုလင်းသက်ပြင်း အဖြေမပေးသေးဘဲ စီးကရက်ကိုပြာချွေကာ လှည့်ပတ်လမ်းလျှောက်လိုက်သေးသည်။ တစ်နေရာကျမှ တုန့်ခနဲရပ်ပြီး

"အဲဒီပျောက်ဆုံးနေတဲ့ ကသစ်အိမ်မှာ ဦးဆန်းထူး ခြိမ်းခြောက်ခဲ့တဲ့ အက္ခရာအပြာရောင်ဝမ်းဆက်ဝတ်ထားတဲ့ မြူနှင်းဆိုတဲ့ ကလေးမရောက်နေတာပဲ"

"ဘယ်လို"

"ဘာပြောတယ်"

နှစ်ယောက်လုံး အံ့အားသင့်သွားကြသည်။ ဒါကို သက်ပြင်းက တပြုံးပြုံးနှင့် ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ ပျောက်ဆုံးနေတဲ့ ကသစ်ရဲ့အိမ်ကို မြူနှင်းဘာ



www.burmeseclassic.com

www.burmeseclassic.com





မြနှင်းတို့မိသားစုမှာ
အင်မတန်ဘိုဆန်သော
မိသားစုပင်။
ထိုသို့ဘိုဆန်သောမိသားစုက
မြန်မာကားကြည့်ပါ့မလားဆိုတာ
ဇဝေဇဝါ။

လာလုပ်လဲဆိုတာ စဉ်းစားစရာပဲ"

ဆန်းထူးနှင့်အောင်ထွန်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ သက်ပြင်းမှဆက်၍

"မြနှင်းကိုယ်တိုင်က ကသစ်ကိုလိုက်ရှာနေတာလား၊ ဒါမှမဟုတ် လိုချင်တာတစ်ခုခုရှိလို့ ကသစ်အိမ်ထဲဝင်လာတာလားဆိုတာ အဓိကတွေးတောစရာ အချက်တစ်ချက်ပဲ"

စုံထောက်ကျော်ကြီးပြောသမျှ ဆန်းထူးနှင့်အောင်ထွန်း လိုက်တွေးရင်း ခေါင်းပိုရှုပ်ကုန်၏။ ဘယ်လိုမှလဲ မတွေးတတ်။ သူတို့က လွယ်လွယ်ကူကူ ကသစ်ကိုရှာခိုင်းတာ။ စုံထောက်ကြီးလုပ်မှ အခုအမှုက ပိုရှုပ်လာသယောင်။

"ကသစ်အိမ်ကို မြနှင်းဘာသွားလုပ်တာလဲ"

မေးခွန်းက သူတို့ကို ချာချာလည်စေ၏။ ထို့ကြောင့် ဆန်းထူး ခေါင်းကုတ်ပြီး

"ဒါနဲ့နေပါဦး၊ ကိုသက်ပြင်းက မြနှင်းနဲ့ ဘယ်လိုတွေ့တာလဲ"

သက်ပြင်း ယဲ့ယဲ့လေးပြုံးပြီး





"ကျုပ်ကိုယ်တိုင် မြနှင်းကို ကသစ်တို့အိမ်မှာ စကားပြောခဲ့ပြီးပြီလေ"

"ဘယ်လို"

"ဘာ"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်ကြသည်။ ဒါကို ဆားပုလင်းသက်ပြင်းက ရင်ကော့ပြီး

"ဖြစ်ချင်တော့ အဲဒီကောင်မလေးမြနှင်းက ကျုပ်ပရိသတ် အစစ်အမှန် အမာခံဖြစ်နေပြန်တယ်၊ ဒါဟာလဲ ထူးခြားချက်ပေါ့"

ဇဝေဇဝါနှင့် တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကြသည်။ အမှန်တော့ မြနှင်းတို့မိသားစုမှာ အင်မတန်ဘိုဆန်သော မိသားစုပင်။ ထိုသို့ဘိုဆန်သော မိသားစုက မြန်မာကားကြည့်ပါ့မလားဆိုတာ ဇဝေဇဝါ။ ထို့ကြောင့် ဆန်းထူးက မျက်မှောင်ကြုတ်ပြီး

"နေစမ်းပါဦး၊ ခင်ဗျားတွေ့ခဲ့တဲ့ မြနှင်းဆိုတာ ဘယ်လိုပုံလဲ"

သက်ပြင်း ပိုင်ပိုင်ကြီးပြုံးလိုက်သည်။ ပြီးမှ

"ဒါ ခင်ဗျား ကျုပ်ကိုစော်ကားလိုက်တာပဲ၊ ကျုပ်က လူတစ်ယောက်ကို တစ်ခါကြည့်ပြီးရင် တစ်သက်မမေ့တတ်တဲ့ စုံထောက်ဉာဏ်ရှိပါတယ်၊ မြနှင်းဆိုတာ ခင်ဗျားပြခဲ့တဲ့ ဓာတ်ပုံထဲက မိန်းကလေး နှစ်ယောက်ထဲက ဆံပင်တိုတိုနဲ့တစ်ယောက်ပေါ့"

"ဟင်"

"ဟာ"

နှစ်ယောက်လုံး မျက်လုံးပြူးသွား၏။ နောက်မှ ဆန်းထူး ဓာတ်ပုံ ကမန်းကတန်း ပြန်ဆွဲထုတ်ပြီး ဓာတ်ပုံထဲမှတစ်ယောက်ကို သက်ညှိုးနှင့်ထောက်ကာ အလောတကြီးဖြင့်

"ခင်ဗျား ခင်ဗျားတွေ့ခဲ့တာ ဒီတစ်ယောက်လား"



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်း ပိုင်ပိုင်ကြီးပြုံးလိုက်သည်။ ပြီးနောက် သူ့ကိုငှားလာသောအောင်ထွန်းကို ပညာသင်တပည့်သဖွယ် ပြုံးကြည့်ပြီး

"အိုင်ဆေးကိုအောင်ထွန်း အစစ်ပေ့ါဗျာ"

ထိုတော့မှ ဆန်းထူး၏မျက်နှာကြီး ရဲတက်သွားပြီး ခါတ်ပုံကို ပစ်ချကာ

"အောင်ထွန်း"

ဆန်းထူး၏ဒေါသတကြီးအော်သံ။ အောင်ထွန်းလဲ တုန်တက်သွားပြီး

"ဆန်း ဆန်းထူး"

ဆန်းထူး အသားတုန်တက်သည်အထိ ဒေါသထွက်ကာ

"မင်းကိုငါ စုံထောက်ခေါ်ခိုင်းတာကွ"

"ငါ ငါ"

"မင်း အခု စုံထောက်မဟုတ်ဘဲ စောက်ထုံကြီး ငါ့ဆီခေါ်လာတယ်၊ စောက်ထုံကြီး ဟီး"

ဆန်းထူးစကားကြောင့် သက်ပြင်းမျက်နှာ ဖရိုဖရဲပင်မက ပြိုပျက်ကျသွားသည်။ နောက် ထိုမျက်နှာပျက်ကြီးဖြင့်ပင် လက်ညှိုးထိုးပြီး

"ဟင် ဘာ ဘာဖြစ်လို့လဲဟင်"

သူ့အမေးကို ဆန်းထူးက ငိုသံဝဲကြီးဖြင့်

"ခင်ဗျား အဲဒီမှာသွားတွေ့ခဲ့တာ ကျုပ်တို့တွေ့ချင်နေတဲ့ ကသစ်ဗျ၊ မြူနှင်းမဟုတ်ဘူး"

"ဟင်"

သက်ပြင်း ခြေပါခွင်ကျသွားသည်။ ခန္ဓာကိုယ်က နာဂစ်ထိသောတဲအိမ်လို ယိုင်နဲ့နေသည်။

"ဟင် ဟင် သူပြောတော့ သူက မြူနှင်းဆို"





သက်ပြင်းစကားကို ဆန်းထူးက ဒေါသတကြီး လက်ညှိုးငေါက်ငေါက်ထိုးကာ

"အေး ခင်ဗျားက သူများပြောသမျှယုံလို့ စောက်ထုံလို့ခေါ်တာ၊ စောက်ထုံ စောက်ထုံ၊ စုံထောက်မဟုတ်ဘူး"

"အုံ"

သက်ပြင်း သူ့ပါးစပ်ကိုပါ သူပြန်အုပ်ထားမိသည်။ ဆန်းထူးလဲ ဘာလုပ်လို့လုပ်ရမှန်းမသိတော့။ နောက်မှ သတိရပြီး

"အဲဒီကောင်မလေး အဲဒီမှာရှိသေးလား ရှိသေးလား"

စုံထောက်လျှော်ကြီး ဆားပုလင်းသက်ပြင်း သူ့ပါးစပ်သူ ပိတ်ထားရာမှ မဖွင့်ဘဲ ခေါင်းသာခပ်သွက်သွက်ညိတ်သည်။ ဒါကို ဆန်းထူးက

"ကဲ ဒါဖြင့် တို့တွေ အချိန်မီအောင် သွားဖမ်းကြရအောင်၊ ခင်ဗျားပါလိုက်ခဲ့၊ ဟိုကောင်တွေကိုလဲ အကြောင်းကြား"

အားလုံးရှုပ်ယှက်ခတ်ကုန်၏။ စုံထောက်ကြီးဆားပုလင်းသက်ပြင်းကတော့ ဖင်သီဖင်သီနှင့် လိုက်ပါလာရလေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကား နေကျော်ပေပြီ။

ကျောက်မြောင်းတိုက်ခန်းရှေ့ ဆန်းထူးတို့လူစုအပြင် စုံထောက်လျှော်ကြီး ဆားပုလင်းသက်ပြင်းပါ ရောက်နေကြသည်။

"အဲဒီအခန်းဆိုတာ သေချာတယ်နော်"

ဆားပုလင်းသက်ပြင်း သူ့ပါးစပ်သူပိတ်ပြီး ခေါင်းညိတ်ပြသည်။ ဆန်းထူးက မာန်တင်းပြီး

"ကဲ ဒါဆိုတက်ဖမ်းမယ်၊ တွေ့တာနဲ့ မလွတ်နိုင်အောင် ဝိုင်းပြီး တံခါးပိတ်ထားမယ်၊ ပြီးရင် ရဲအကြောင်းကြားပြီးခေါ်မယ်၊ ဒါမှ အမှုရှင်းမှာ၊ အားလုံးကြားတယ်နော်"

အားလုံးခေါင်းညိတ်ကြသည်။





"ကဲ ဒါဖြင့် ဝမ်း တူး သရီး"

တိုက်ခန်းပေါ် ပြေးတက်လိုက်ကြသည်။ တိုက်ခန်းတံခါးရှေ့ ရောက်တော့

"ကဲ အားလုံးအသင့်နော်"

သူ့နောက်မှလူများက စိတ်အားထက်သန်စွာ ခေါင်းညိတ်လိုက်ကြသည်။ သက်ပြင်းကတော့ ပါးစပ်မဟသေး။ ဆန်းထူး တံခါးကိုခေါက်လိုက်သည်။

"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံနှင့်အတူ ခြေသံတရှပ်ရှပ်။ ဆန်းထူးက အားလုံးအသင့်ပြင်ရန် အသံတိတ်ပြောသည်။ အားလုံးကလဲအသင့်။

ကျွီခနဲ တံခါးဖွင့်သံ။ ထွက်လာသော မိန်းကလေးတစ်ယောက်။

"ဟာ"

"ဟင်"

"မြ မြနှင်း"

သူတို့ထင်သလို ကသစ်မဟုတ်ဘဲ မြနှင်းကို အပြာရောင်ဝမ်းဆက်နှင့် တွေ့လိုက်ရတော့ အားလုံးအံ့အားသင့်သွား၏။ မြနှင်းက သူတို့ကို တအံ့တသြကြည့်ပြီး

"ကိုဆန်းထူး ဘာကိစ္စလဲ"

ဆန်းထူးခမျာ ဘာမှမပြောနိုင်။ သက်ပြင်းပင် ပါးစပ်အဟောင်းသား။ အတန်ကြာမှ ဆန်းထူးက ကယောင်ကတမ်းဖြင့်

"မြ မြနှင်း ဒီမှာ ဘာလုပ်နေတာလဲဟင်"

မြနှင်းက မျက်မှောင်ကြုတ်ပြီး

"ကျွန်မသူငယ်ချင်း ကျွန်မလာရှာတာလေ၊ ဘာဖြစ်လို့လဲ မရှာရဘူးလား"

ဆန်းထူးက အူကြောင်ကြောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com





ဟုတ်တယ်ဆိုတာ
ဒီအဝတ်အစားတွေပဲ
ဆိုတာ ဟုတ်တာ၊
မဟုတ်ဘူးဆိုတာ
ခုနတွေ့တာ
သူမဟုတ်ဘူးဆိုတာပဲ
အဟင့် အဟင့်

"ဟင် ခုနကိုသက်ပြင်းပြောတော့ ကသစ် ဒီမှာရှိနေတယ်ဆို"

သူ့အမေးကို မြနှင်းက မျက်မှောင်ကြုတ်ပြီး

"ကသစ်ပျောက်နေတာ ရှင်တို့လဲအသိပဲ၊ ဘာတွေလာကြောင်နေတာလဲ"

ထိုစကားကြားတော့ သက်ပြင်းထခုန်ပြီး

"အဲဒါမဟုတ်ဘူး အဲဒါမဟုတ်ဘူး"

အားလုံး သက်ပြင်းကိုပြန်ကြည့်ကြသည်။ ဒါကို သက်ပြင်းက ငိုမဲ့မဲ့နှင့် မြနှင်းကိုလက်ညှိုးထိုးပြီး

"ကျွန်တော် ခုနကတွေ့တာ သူမဟုတ်ဘူး၊ သူမဟုတ်ဘူး"

အားလုံး သက်ပြင်းကိုတစ်လှည့်၊ မြနှင်းကိုတစ်လှည့် ကြည့်ကြသည်။ ဒါကို မြနှင်းက ခါးထောက်ပြီး သက်ပြင်းကိုကြည့်ကာ

"ရှင် ခုနကပဲ ဒီအိမ်ကို တစ်ခေါက်လာပြီးပြီလေ ကိုသက်ပြင်း ရှင် ဘာတွေလျှောက်ပြောနေတာလဲ"

မြနှင်း၏အမေးကို သက်ပြင်းက ကတုန်ကယင်နှင့် လက်ညှိုးပြန်ထိုးကာ

"ခုနရောက်ခဲ့တာဟုတ်တယ်၊ ဒါပေမယ့် ခုနတွေ့ခဲ့တာ သူ





မဟုတ်ဘူး၊ နောက်တစ်ယောက်ပဲ၊ သေချာတယ်၊ နောက်တစ်ယောက်ပဲ"

သူ့စကားကို မြနှင်းက စိတ်မရှည်ဟန်ဖြင့်

"ရှင် ဘာတွေလျှောက်ပြောနေတာလဲ၊ ခုနကပဲ ရှင်နဲ့ကျွန်မ ဒီအိမ်ထဲမှာ စကားပြောခဲ့ကြသေးတယ်မဟုတ်လား"

"စကားပြောတယ်၊ ပြောတယ်၊ ဒါပေမယ့် ဒီတစ်ယောက်မဟုတ်ဘူး"

ဆန်းထူးတို့လူစုလဲ ဇဝေဇဝါနှင့် မြနှင်းကိုကြည့်လိုက်၊ သက်ပြင်းကိုကြည့်လိုက် ဖြစ်နေကြလေသည်။ ဘယ်ဟာက အမှန်မှန်း မသိကြ။ နောက်မှ ဆက်နိုင်က ဝင်၍

"နေပါဦး၊ ခုန ခင်ဗျား သူ့ကိုတွေ့တော့ သူဘာဝတ်ထားလဲ"

သက်ပြင်း လက်ညှိုးကို မြနှင်းအပေါ်အောက်ထိုးပြီး

"အပြာရောင်ဝမ်းဆက်"

မြနှင်းက ရင်ကော့ပြီး

"ကဲ ကျွန်မ အခု ဘာဝတ်ထားလို့လဲ၊ ရေမချိုးရသေးဘူးနော်"

ကြည့်တော့ သက်ပြင်းပြောသည့်အတိုင်း မြနှင်းက အပြာရောင်ဝမ်းဆက်နှင့်။ အားလုံး သက်ပြင်းကို ဇဝေဇဝါနှင့် ကြည့်ကြသည်။ သူ့ကို မသက်သာသလိုကြည့်နေတာသိတော့ သက်ပြင်းက ငိုချလိုက်မလိုဟန်နှင့် လက်ညှိုးထိုးပြီး

"အဲဒါမဟုတ်ဘူး၊ အဲဒါက ဟုတ်တယ်၊ အဲဒါက မဟုတ်ဘူး၊ ဟီး"

သက်ပြင်းမှာ တကယ်ငိုချတော့မလို ဖြစ်နေသည်။ သူ့တစ်သက်တာ စုံထောက်လုပ်ငန်းမှာ ဒီလောက် တစ်ခါမှ ရှုပ်ထွေးခဲ့ဖူးပုံ



www.burmeseclassic.com

www.burmeseclassic.com



မပေါ်။ ထို့ကြောင့် ဗလုံးဗထွေးနှင့် ဘာတွေပြောနေမှန်းမသိတော့။ ဒါကို ဆန်းထူးကလဲ စိတ်မရှည်တော့ဘဲ

“ခင်ဗျားကလဲ ရှင်းရှင်းပြောဗျာ စိတ်ရှုပ်လာပြီ၊ ဘာက ဟုတ်ပြီး ဘာကမဟုတ်တာလဲ၊ ကဲ ပြော”

ဆန်းထူးအမေးကို သက်ပြင်းက နှုတ်ခမ်းကြီးမဲ့ပြီး

“ဟုတ်တယ်ဆိုတာ ဒီအဝတ်အစားတွေပဲဆိုတာ ဟုတ်တာ၊ မဟုတ်ဘူးဆိုတာ ခုနတွေ့တာ သူမဟုတ်ဘူးဆိုတာပဲ၊ အဟင့် အဟင့်”

အားလုံး ဇဝေဇဝါတွေ ဖြစ်ကုန်၏။ ဒါကို သန်းနိုင်က ဝင်ပြီး

“မဟုတ်ဘူးလေ၊ ဒီမှာ သူတစ်ယောက်ပဲရှိတာ၊ သူမဟုတ်ဘူးဆိုရင် ဘယ်သူလဲ”

“သူမဟုတ်ဘူး၊ နောက်တစ်ယောက်ပါဆိုနေ”

သက်ပြင်း ပြောရင်းနှင့် ကလေးလိုပင် ဖြစ်လာ၏။

“ဒါဆိုရင်”

အောင်ထွန်းက စဉ်းစားလိုက်သည်။ နောက် မြနှင်းဖက်လှည့်၍

“ခုန ကိုသက်ပြင်းနဲ့ မြနှင်းတွေ့တုန်း နောက်ဆုံးပြောတဲ့ စကားက ဘာလဲ”

“လစ်ချင်လစ်လေ”

“ဟုတ်လား”

“ဟုတ်တယ်၊ ဟီး”

သက်ပြင်းမှာ မငြင်းနိုင်ပြန်။ ငိုရန်သာတတ်နိုင်၏။

“ဒါဆို အဲဒီအရှေ့ကရော ဘာပြောလဲ”

“ကိုသက်ပြင်း နောက်ဆုံးရိုက်ခဲ့တဲ့ဇာတ်ကား ဆားပုလင်း သက်ပြင်းနဲ့ ထဘီခြုံလင်းတဖြစ်”





“ဟုတ်လား ကိုသက်ပြင်း”

“ဟုတ်တယ် ဟီး”

အားလုံးစိတ်ပျက်ကုန်၏။ သက်ပြင်းမှာ ဘယ်လိုရှင်းပြရမှန်း မသိဘဲ ခုန်ဆွခုန်ဆွဖြစ်နေ၏။ သက်ပြင်းမှာလဲ ခုနက အမှားရှိနေတော့ ဘယ်သူမှ မယုံချင်ကြ။ ထို့ကြောင့် ဆန်းထူးက

“ခင်ဗျားကလဲ အဲဒါဆို သူဟုတ်နေတာပဲ၊ ဘာမဟုတ်တာလဲ”

“မဟုတ်ဘူးဆိုတာ ဟုတ်တယ်၊ ဟုတ်တယ်ဆိုတာ မဟုတ်ဘူး၊ ဟီး”

သူ့စကားကြားတော့ အားလုံးစိတ်ရှုပ်သွားပြီး

“ဟာ ဟုတ်တယ်၊ မဟုတ်ဘူးနဲ့ ရှုပ်နေတာပဲ၊ ကဲ လာ သွားမယ်”

“မဟုတ်ဘူး၊ ဟုတ်တယ်၊ ဟီး”

“အာ လာစမ်းပါဗျာ”

အားလုံး စုံထောက်တဖြစ်လဲ စောက်ထုံသက်ပြင်းကို ကုတ်ဆွဲပြီး ပြန်ခေါ်လာသည်။ သူတို့ထင်ထားသည်နှင့် တခြားစီဖြစ်နေတော့ တာကိုး။ ဒါကို မြနှင်းက

“ကိုဆန်းထူး”

“ဗျာ”

ဆန်းထူးတစ်ယောက်တည်းခေါ်ပေမယ့် အားလုံးငေးကြည့်မိကြသည်။

“နောက်တစ်ခါ အလုပ်ခိုင်းရင် အဲဒီလိုအရူးတွေ ငမူးတွေကို မခိုင်းနဲ့၊ ဒါပဲ”

သူ့စကားကြားတော့ သက်ပြင်းငိုချလိုက်ပြီး

“မဟုတ်ဘူး ဟီး”



www.burmeseclassic.com

www.burmeseclassic.com



ဆန်းထူး စိတ်မရှည်တော့"

"ဘာမဟုတ်တာလဲဗျာ"

"မဟုတ်ဘူးဆိုတာ ဟုတ်တယ်"

"အာ ငါ ဒီစုံထောက်တော့ နားရင်းအုပ်မိတော့မယ်၊ ကဲ လာ"

ဤနည်းနှယ်. . .

× × ×





အိမ်အောက်ရောက်တော့ သက်ပြင်းက ယက်ကန်ယက်ကန်နှင့် ပါလာရင်း

"ခဏနေဦး ကိုဆန်းထူး ခဏနေဦး"

ဆန်းထူးတို့အုပ်စု သူ့ကိုကြည့်ကြသည်။

"ဘာလဲ စုံထောက်ရာ၊ ဘာဖြစ်တာလဲ"

စုံထောက်ကြီးဆားပုလင်းသက်ပြင်း သူ့အကျီသူပြင်ရင်း

"ကျွန်တော်မမှားဘူး၊ ခုန ကျွန်တော်တွေ့တာ သူမဟုတ်ဘူး၊ နောက်တစ်ယောက်ပဲ"

အားလုံး သူ့ကို ပြန်ကြည့်ကြသည်။ ဒီလူ ရူးများနေပြီလား ဆိုသောအကြည့်။ ဒါကို သက်ပြင်းက



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တာတစ်ခုက ကျွန်တော် ကိုဆန်းထူးတို့ဆီသွားပြီး ကျွန်တော်တို့ ပြန်အလာမှာ လူချင်းလဲလိုက်တာဖြစ်နိုင်တယ်"

အားလုံး ဇဝေဇဝါဖြစ်ကုန်၏။ ဒါကို ဆန်းထူးက

"ခင်ဗျားမရှူးတာ သေချာတယ်နော်"

"အရှူးလက်မှတ်ရှိပါတယ်၊ အဲလေ မရှူးပါဘူးဗျာ၊ တကယ်ပါ၊ နောက်ပြီး ကျုပ်လိုစုံထောက်မျက်စိရှိတဲ့သူက ဒီလောက်ကြီး ရုပ်ကွဲနေတာကို မှားစရာလားဗျာ"

အားလုံး စဉ်းစားစရာဖြစ်ကုန်၏။ မှန်ပေသည်။ လူနှစ်ယောက်ကို ဘယ်လိုမှမလွဲနိုင်။ ခုန ထူပူနေ၍သာ မဝေခွဲနိုင်တာဖြစ်မည်။ အမှန်တော့ ရုပ်ရည်မတူသည့် လူနှစ်ယောက်ကို အသိဉာဏ်ရှိသော ကလေးပင် ခွဲခြားနိုင်ပေလိမ့်မည်။ ယခုလို လူရင့်မာကြီးတစ်ယောက်က မခွဲခြားနိုင်စရာ တစ်ခုမှမရှိ။

အချိန်ကာလကလဲ လူချင်းလဲလို့ အလုံအလောက်ရှိသော အချိန်ပေပဲ။ ထို့ကြောင့်. .

"အင်း ဖြစ်တော့ဖြစ်နိုင်တယ်၊ အဲ ဒါပေမယ့် လက်ပူးလက်ကြပ်မမိတော့ ဘယ်လိုလုပ်ရမှာလဲ"

ဆန်းထူးရဲ့အမေး။ ဒါကို သက်ပြင်းက အားကြိုးမာန်တက်ဖြင့်

"စောင့်ရမှာပေါ့ဗျ၊ စောင့်နိုင်ရင် သူခိုးတောင်မိသေးတာပဲ၊ သူတို့ကိုလဲ စောင့်ရင်မိမှာပဲ၊ သူတို့နှစ်ယောက် အဆက်အသွယ် ရှိနေလို့ ဒီလိုလူချင်းချိန်းလို့ရတာပဲ မဟုတ်လား"

အားလုံးမျက်မှောင်တွေကြုတ်သွား၏။

"အေး ဒါဖြစ်နိုင်တယ်၊ မြူနှင်း ဘာကြောင့် ကသစ်အိမ်ရောက်နေတာလဲ စဉ်းစားကြည့်လေ"

သန်းနိုင်၏စကား။ ဆက်နိုင်ကလဲ ဝင်၍





"ဟုတ်တယ်၊ အခု မြူနှင်းကို တို့တွေ့နေပြီပဲဟာ၊ သူ့ကိုပဲ အသေအချာ စောင့်ကြည့်နေရင် သူ ကသစ်နဲ့ဆက်သွယ်တာကို တွေ့ရမှာ အသေအချာပဲ"

အားလုံးမျက်နှာ ဝင်းလက်သွား၏။

"အေး ဟုတ်တယ်"

"ဒါဆို"

"စောင့်ကြတာပေါ့"

အားလုံး အားတက်သွား၏။

"မသေချာရင်ရော"

ဆန်းထူး၏ စိုးရိမ်စကား။

"အချိန်တွေလွန်သွားရင် တို့အားလုံး ထောင်နန်းစံရမှာနော်"

အားလုံး ဇဝေဇဝါ ပြန်ဖြစ်ကုန်၏။ ထိုစဉ်မှာပင်

"တီတီတီ တီတီတီ"

အောင်ထွန်းထံမှ ဖုန်းမြည်သံ။ ဖုန်းကို ထုတ်ကြည့်လိုက်တော့

"နက်မှောင် နက်မှောင်ဖုန်း"

အောင်ထွန်းတုန်တက်သွား၏။ နောက် ဆန်းထူးလက်ကို ကယောင်ကတမ်းကိုင်ပြီး

"ဘယ် ဘယ်လိုလုပ်ရမလဲဟေ့ကောင်၊ ရဲစခန်းကလား မသိဘူး"

ဆန်းထူးလဲ မျက်နှာအပျက်ပျက်အယွင်းယွင်း။

"မသိ မသိဘူးလေကွာ၊ ဘယ်လိုလုပ်ရမလဲ၊ လွှင့် လွှင့်ပစ်လိုက်ပါလား"

သူတို့ ဘာလုပ်ရမှန်းမသိခင် လက်မြန်ဇက်မြန်နှင့် စုံထောက်ကျော်ဆားပုလင်းသက်ပြင်းက ဖုန်းကို ဆတ်ခနဲဆွဲယူပြီး



www.burmeseclassic.com

www.burmeseclassic.com



“ပေးစမ်းပါဗျာ၊ ကျုပ်က စုံထောက်ပဲ၊ ကျုပ်ကိုင်လိုက်မယ်”

ဆိုကာ ဆွဲယူကိုင်လိုက်သည်။

“ဟာ ဟာ ဟေ့လူ”

ဘယ်သူမှ တား၍မမီလိုက်။

“ဟဲလို ဆားပုလင်းသက်ပြင်း ပြောနေပါတယ်”

တစ်ဖက်က ကတုန်ကယင်အသံက

“ဟင် ဟင် ဘယ်က ဆားပုလင်းလဲ၊ ဒါကိုအောင်ထွန်းဖုန်းမဟုတ်လား”

“အေး ဟုတ်တယ်၊ ကိစ္စရှိလို့ ငါယူထားတာ၊ မင်းဘယ်သူလဲ”

“နက် နက်မှောင်ပါဆရာ”

“နက်မှောင်တဲ့”

နက်မှောင်အသံကြားတော့ အောင်ထွန်း အားတက်ပြီး ဖုန်းကို ကမန်းကတန်း ပြန်ယူလိုက်သည်။

“အေး ကိုနက်မှောင်ပြော၊ ခင်ဗျားတို့ အခု ဘယ်မှာလဲ”

တစ်ဖက်မှ အသံတိတ်သွားသေး၏။ နောက်မှ

“ကျွန်တော်တို့ အခုမှ အချုပ်ထဲက ပြန်လွတ်တာဆရာ၊ အဲဒါကြောင့် ဖုန်းဆက်တာ”

“ဟင် အချုပ်ကျနေတယ် ဘာလို့လဲ”

“နောက်မှပဲရှင်းပြမယ်ဆရာ၊ ဆရာတို့ဘယ်မှာလဲ”

“ကျောက်မြောင်းနားက ဟိုကောင်မလေးအိမ်နားမှာ အဲဒီလာခဲ့”

ဤသို့ဖြင့်. .

× × ×





နက်မှောင်တို့အဖွဲ့. ရှင်းပြမှ အနည်းငယ်ဇာတ်ရည်လည်တော့၏။

“ဒါ ဒါဆို ခင်ဗျားတို့ကို ဒီကသစ်ဆိုတဲ့မိန်းမက တမင်ဇာတ်လမ်းဆင်ပြီး အချုပ်ထဲ ထည့်ခဲ့တာပေါ့၊ ဟုတ်လား”

နက်မှောင်တို့အဖွဲ့.လဲ ငိုမဲ့မဲ့နှင့်

“ဟုတ် ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့လဲ သူ့စကားကိုယုံပြီး ဒေးလီးကြေးလေးရမယ်ထင်ပြီး လုပ်ခဲ့မိတာပါ အဟင့်၊ အချုပ်ထဲ အိပ်လိုက်ရတာသာ အဖတ်တင်တယ်”

လူကြမ်းကြီးတွေ ဇာတ်နာနေသည်။ ဒါကို ဆန်းထူးက

“ဒါဆို ခင်ဗျားတို့ သူ့ကို လက်စားချေ ပြန်မချေချင်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



လူကြမ်းကြီးများ အူလည်လည်နှင့် တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကြသည်။ ပြီးမှ

"ဒေးလီးကြေးရော ရမှာလားဟင်"

အရေးထဲ လက်စားချေတာတောင် ဒေးလီးကြေးရမှ ချေချင်သူတွေနှင့် လာတွေ့နေသည်။ သို့သော် မတတ်နိုင်။

"ရမယ်ဗျာ၊ ဒေးလီးကြေးလဲပေးမယ်"

ဆန်းထူး၏ဒေးလီးကြေးစကားကြားမှ လူကြမ်းကြီးများ တက်ကြွသွားပြီး

"ဒါဆိုချေမယ်ဗျာ၊ ဘယ်လိုချေရမလဲပြော"

"ဘယ်လိုမှလုပ်စရာမလိုဘူး၊ ဒီအိမ်ပေါ်မှာ ကောင်မလေးတစ်ယောက်ရှိတယ်၊ သူ့ကိုစောင့်ကြည့်ရုံပဲ"

လူကြမ်းကြီးများ မျက်မှောင်ကြုတ်သွား၏။

"ဒါပဲလား"

ဆန်းထူးက ဆက်၍

"ဒါပြီးရင် သူတို့ချင်း လူချင်းချိန်းတွေ့လိမ့်မယ်၊ အဲဒီတော့ ကျရင် ကသစ်ဆိုတဲ့ကောင်မလေးကို စောင့်ဖမ်းပြီး ရဲလက်အပ်လိုက်ရုံပေါ့၊ မဟုတ်ဘူးလား"

သူ့စကားကို စုံထောက်ကြီးဆားပုလင်းသက်ပြင်းက

"ဘာလို့ရဲလက်အပ်ရမှာလဲ"

"လူပျောက်ကြော်ငြာထားတယ်လေ၊ ရဲလက်အပ်မှ အမှုပြီးမှာပေါ့"

"ဩော် ဟုတ်သား၊ အိုင်အေး ဒီတစ်ချက် ကျုပ်လွတ်သွားတယ်၊ နောက်တစ်ခါ ကျုပ်ဘဝင်မြင့်နေတယ်လို့ထင်ရင် လူပျောက်ကြော်ငြာထဲက ကောင်မလေးလို့သာ ပြောထည့်လိုက်စမ်းပါဗျာ၊ ကျုပ်မနာပါဘူး"





အရေးထဲ ဘဝင်ရူးနဲ့ လာတွေ့နေသေး။

"ကဲ လူဖြုန့်ပြီး ဒီအိမ်အနား စောင့်ကြည့်ရအောင်၊ ဘယ်သူမှမလွတ်စေနဲ့နော်"

"အိုကေ စကားဝှက်က ဒေးလီးမှဒေးလီးနော်"

ဟိုက သတိမရမှာစိုးလို့ သတိပေးဟန်နှင့်ပြောသည်။ အားလုံး လူစုခွဲ၍ ခြေရာဖျောက်နေလိုက်ကြသည်။ တိုက်ခန်းပတ်ပတ်လည် ယောင်လည်လည်နှင့် မသိမသာရှိနေလိုက်ကြရသည်။ ကသစ်ကလဲ သူတို့အားလုံးကို တွေ့ဖူးနေ၍ သူတို့အရိပ်အယောင်မြင်လျှင် ဝင်မလာမှာကိုလဲ စိုးရသေးသကို။ ထို့ကြောင့် ပုန်းလျှိုးကွယ်လျှိုးဖြင့်သာ လှုပ်ရှားနေကြရသည်။

လူတွေကလဲ များသမို့ မျက်ခြေမပြတ်ရဲ။

ဆန်းထူးတို့လူစုကတော့ ဆိုင်တစ်ဆိုင်ထောင့်မှာ အသာလေးကွယ်ပြီးချောင်းနေရလေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"တီတီတီ တီတီတီ"

စိတ်ပျက်လက်ပျက်နှင့် ထပြန်ကာနီးမှ ဆန်းထူးဆီ ဖုန်းဝင်လာသည်။

ကြည့်လိုက်တော့ လူကြမ်းနက်မှောင်ဖုန်း။

"ဟဲလို"

"ဒေးလီးမှဒေးလီး၊ ဒေးလီးမှဒေးလီး"

"အာ ပြောစရာရှိတာ ပြောစမ်းပါ"

"ပစ်မှတ်တစ်ခု ရွေ့လာတယ်၊ ဒေးလီးအကျီအပြာပဲ၊ ဒါပေမယ့် ခေါင်းစွပ်စွပ်ထားတယ်၊ ဒေးလီး"

ကြည့်လိုက်တော့





"ဟာ"

ခုနမြူနှင်းဝတ်ထားသည့် အဝတ်အစားအတိုင်း ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်။ အကျီမှ ခေါင်းစွပ်ကြီးစွပ်ထားသည်မို့ မည်သူမည်ဝါ မသဲကွဲ။ ဒါပေမယ့် ပုံသဏ္ဌာန်က ကသစ်၏ပုံသဏ္ဌာန်မျိုးပင်။ ထို့ကြောင့် မမြင်နိုင်အောင်ပုန်းကွယ်ပြီး

"ဆက်ကြည့်ထား၊ ဘယ်ကိုရွေ့လဲလို့"

"သေချာပြီ၊ သေချာပြီ၊ ပစ်မှတ်တိုက်ခန်းကိုပဲ တက်ပြီ"

မိန်းကလေးက ဟိုကြည့်ဒီကြည့်နှင့် ခုနတိုက်ခန်းပေါ်သို့သာ ခပ်သုတ်သုတ်တက်သွား၏။

"ဆက်ကြည့်ထား၊ အလျင်မလိုနဲ့၊ သေချာမှ လူစုပြီးဝင်မယ်"

"အိုကေ အခြေအနေထူးရင် ထပ်ဆက်မယ်၊ ကိစ္စပြီးရင်လဲ ဒေးလီးကြေးပေးဖို့ မမေ့နဲ့၊ ဒါပဲ"

ဖုန်းချသွားသည်။ ထိုတော့မှ ဆန်းထူးလဲ သူ့အဖွဲ့သားများကို

"ကဲ သေချာသလောက်တော့ရှိပြီ၊ ပိုင်ပြီဆို အုပ်စုနဲ့ အိမ်တံခါးကိုပိတ်ပြီး ရဲအကြောင်းကြားမယ်"

သူ့စကားကို ဆက်နိုင်က

"မျက်ခုံးတော့ခပ်လှုပ်လှုပ်ပဲနော် ဟေ့ကောင်"

ဆန်းထူးက ဆက်နိုင်ပခုံးကိုပုတ်၍

"ရာဇဝတ်မှုမှ မဟုတ်တာ၊ လူပျောက်ရှာပေးတာပဲ ဘာပြဿနာမှမရှိပါဘူး"

ပြဿနာမရှိဘူးဆိုသော်ငြား သူကိုယ်တိုင် ချွေးထွက်နေသည်။

"တီတီတီ တီတီတီ"

ဖုန်းထပ်ဝင်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

"ဒေးလီးပစ်မှတ် ပြန်ရွှေ့လာပြီ၊ သတိထား၊ ပစ်မှတ်ပြန်ရွှေ့လာပြီ"

ကြည့်လိုက်တော့

"ဟာ"

တိုက်ခန်းပေါ်မှ အင်္ကျီအပြာခေါင်းစွပ်ဝတ် မိန်းမပျိုတစ်ဦး ပြန်ဆင်းလာတာ တွေ့ရသည်။

"ဒေးလီး အဲ ယောင်ကုန်ပြီ၊ ကိုနက်မှောင် သူဘယ်သူလဲ ဆိုတာ သိအောင်လုပ်"

"Yes ဒေးလီး"

× × ×





အရှေ့မှလျှောက်သွားနေသော မိန်းမပျိုနောက် နက်မှောင်တို့အဖွဲ့ ခပ်သွက်သွက်လိုက်သည်။ လူရှင်းသော လမ်းချိုးအကွေ့တစ်ခု အရောက်

"ဒီမှာမိန်းကလေး"

မိန်းကလေးမှ ခြေလှမ်းရပ်ပြီး လှည့်ကြည့်သည်။

"ဟင်"

သူတို့သိသော ကသစ်မဟုတ်။ ထို့ကြောင့် ပြုံးပြီး

"လူမှားသွားလို့ ညီမလေး"

"အူကြောင်ကြောင်နဲ့ ဘာတွေလဲမသိဘူး"

မိန်းမပျိုက ဆက်ထွက်သွားသည်။ ထိုတော့မှ နက်မှောင်က



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြန်ကိုင်ပြီး

"ဒေးလီး၊ ဒါ ပစ်မှတ်မဟုတ်ဘူး၊ ပစ်မှတ်က အိုဗာတိုင်ကြေး အဲဒလေ တိုက်ခန်းပေါ် ကျန်ခဲ့ပြီ၊ တိုက်ခန်းပေါ် ကျန်ခဲ့ပြီ"

"ဟာ"

× × ×





"ဟာ"

နက်မှောင်စကားကြောင့် ဆန်းထူးထခုန်သည်။ ပြီးနောက်

"ဒါဆို လူအမြန်စု၊ အိမ်ပေါ်တက်မယ်၊ အိမ်ပေါ်တက်မယ်"

ဆိုကာ ဖုန်းချလိုက်သည်။ နောက် တက်ကြွစွာဖြင့်

"ကဲ ပစ်မှတ်၊ အဲလေ၊ ကသစ်ကိုတော့တွေ့ပြီ၊ သူ ခုနက တိုက်ခန်းမှာပဲ မြူနှင်းနဲ့လူချင်းချိန်းပြီး ပြန်ရောက်နေပြီ၊ တို့တွေ လူစုပြီးဝင်ဖမ်းရုံပဲ"

သူ့စကားကို အောင်ထွန်းက



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဖြစ်ပါ့မလား၊ ဒီကောင်မလေးက ပရိယာယ်များတယ်နော်"

ဆန်းထူးက ယုံကြည်ဟန်အပြည့်နှင့် ရင်ကော့ပြီး

"ဒီတစ်ခါတော့ မများနိုင်တော့ပါဘူးကွာ၊ မယုံရင်ကြည့်နေ၊ ငါ့လက်ထဲ ကွိခနဲနေအောင် ဖမ်းမိပြီး မျက်ရည်စက်လက် ဖြစ်သွားစေရမယ်"

"အေး ဟုတ်တယ်၊ ဒီလောက်လည်တဲ့ကောင်မ၊ မိအောင် ဖမ်းရမယ်"

အားလုံးစိတ်ပါကုန်၏။ အမှုတစ်ခုကို ဖြေရှင်းနိုင်တော့မည်ကိုး။ ထို့ကြောင့် အနည်းငယ်တော့ ပြန်တက်ကြွကုန်၏။ သိပ်မကြာပါ။ သူ့အဖွဲ့သားများလဲ စုံလင်စွာရောက်လာကြသည်။ ဆန်းထူးက အားလုံးကိုဝေ့ကြည့်ပြီး

"ကဲ လူစုံပြီနော်"

"Yes sir"

"အိမ်ပေါ်ကိုတက်မယ်၊ ပြီးရင် သူထွက်မပြေးနိုင်အောင် တံခါးပိတ်ထားမယ်၊ သူ့ကို ဘယ်သူမှ လက်ဖျားနဲ့တောင် မတို့ရဘူး၊ သူ့ကိုတွေ့ပြီဆိုတာနဲ့ ရဲစခန်းကို ဖုန်းဆက်မယ်၊ ဒါပဲ"

သူ့စကားကို ဆားပုလင်းသက်ပြင်းက

"အိုင်ဆေး ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ကော"

"တိတ်"

"အူ"

သက်ပြင်း သူ့ပါးစပ်သူ ပြန်ပိတ်သည်။ ဆန်းထူးက ခပ်တည်တည်နှင့်

"ပြောတဲ့အတိုင်းလုပ်၊ မလုပ်ရင် ဒေးလီးကြေးဖြတ်မယ်"

"Yes sir"





အားလုံး ညီညာစွာခေါင်းညိတ်ကြသည်။

"ကဲ လုပ်ငန်းစမယ်"

သူကိုယ်တိုင် ခေါင်းမော့ရင်ကော့ကာ ဦးဆောင်သည်။

× × ×



www.burmeseclassic.com

"ဒေါက် ဒေါက် ဒေါက်"

ဆန်းထူး တံခါးခေါက်လိုက်သည်။ နောက် ဘယ်သူမှ အသံမထွက်ရန် သတိပေးသည်။

"ဒေါက် ဒေါက် ဒေါက်"

ရွှေ့လျားသောခြေသံများ။ ဆန်းထူးအားတက်သွားသည်။ မည်သူမှမလှုပ်ရန် သတိပေးသည်။

ကျွီခနဲ တံခါးဖွင့်သံ။

"ဟင်"

တံခါးဝတွင် သူတို့အဖွဲ့ကိုကြည့်၍ ကြက်သေသေနေသော မိန်းကလေးတစ်ယောက်။





ကသစ် အုပ်စုလိုက်ကြီးမြင်ရ၍ အံ့အားသင့်နေဟန်။ ဆန်းထူးက အိမ်ထဲလှမ်းဝင်ရင်း

"ဟားဟား အခုတော့ မင်းပြေးလို့လွတ်သေးလား ကသစ်"

ကသစ်က အနောက်ဆုတ်သွားရင်း မျက်မှောင်ကြုတ်၍

"မပြေးပါဘူး၊ ဘယ်မှာပြေးလို့လဲ"

သူ့စကားကို ဆန်းထူးလဲ မြန်မာလူကြမ်းများနှင့်ပေါင်းပြီး မြန်မာလူကြမ်းစိတ် ပေါက်သွားသည်ထင့် ခါးကိုထောက် ခေါင်းကို မော့၍ရယ်လိုက်ရင်း

"ဟားဟား အခုလို လက်ပူးလက်ကြပ်မိမှ ရှူးချင်ယောင်ဆောင်မနေပါနဲ့ ဒေါ်ကသစ်၊ မင်း ငါ့ကို ဓာတ်ပုံတွေပို့ စာတွေပို့ပြီး ခြိမ်းခြောက်ခဲ့တဲ့ သက်သေတွေ အားလုံးငါ့မှာရှိတယ်၊ မင်း ဘာမှငြင်းဖို့မကြိုးစားပါနဲ့၊ တရားဥပဒေနဲ့ရင်ဆိုင်ဖို့ ကြိုးစားပါ"

သူ့စကားကို ကသစ်က နားမလည်နိုင်ဟန်ဖြင့်

"ရှင်ဘာတွေပြောနေတာလဲ ကိုဆန်းထူး၊ ရှင်ပြောနေတာ ကျွန်မတစ်ခုမှ နားမလည်ဘူး"

ဆန်းထူးပြုံးလိုက်ပြီး

"ငြင်းမနေပါနဲ့ ဒေါ်ကသစ်၊ ကိုယ့်ဘာသာကိုယ် လူပျောက်ကြော်ငြာပြီး ဒီဇာတ်လမ်းတွေဆင်ခဲ့တာ၊ ငါတို့အားလုံးသိပြီးပါပြီ၊ အဲဒီတော့ မင်းထောင်ထဲဝင်ဖို့ အဝတ်အစားစုပါ"

သူ့စကားများကို ကသစ်က စိတ်ရှုပ်ဟန်နှင့်ခေါင်းကုတ်ပြီး

"ဟာ ဘာတွေလာပြောနေတာလဲ၊ ရှင်ပြောတာ ကျွန်မ ဘာမှ နားမလည်ဘူး၊ သွား သွား ရှင်တို့အမြန်ဆုံးထွက်သွား၊ မသွားရင် ကျွန်မရဲခေါ်လိုက်မှာနော်"

"ဟင်းဟင်း မင်းမခေါ်လဲ ငါခေါ်မှာပါ၊ ဟောဒီကလူကြမ်းကြီးတွေ ဟောဒီက စုံထောက်ကြီးတွေကိုတော့ မင်းသိမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်လေ၊ ဒါ ရှင်ငှားထားတဲ့ အရှူးတွေ ငမူးတွေပဲ၊ ဘာဖြစ်လို့လဲ"

"ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ကာ"

"တိတ်"

"အု"

သက်ပြင်းဝင်ပြောလျှင် ရှုပ်ကုန်မှာစိုးလို့ ဝင်တားရသေးသည်။ ပြီးမှ

"ဒီအမှုအတွက် ဒီအရှူးတွေ အမူးတွေကလဲ အဲလေ သူတို့လဲ အမှန်အတိုင်းထွက်ဆိုပေးပါလိမ့်မယ်၊ ဟင်း ဟင်း၊ သေဖို့သာ ပြင်ပေတော့"

ကသစ်၏ပုံမှာ အနည်းငယ်ပျာပျာသလဲ ဖြစ်သွားပုံရ၏။ ဒါကို ဆန်းထူးက

"ကဲ အောင်ထွန်း ရဲစခန်းကို ဖုန်းဆက်လိုက်တော့၊ ဒီမှာ လူပျောက်ကိုတွေ့ပြီလို့"

"Yes"

အောင်ထွန်းဖုန်းထုတ်အဆက်မှာပင် ကသစ်က

"ကဲ ရှင်တို့ဖုန်းဆက်နေချိန် ကျွန်မ Toilet ထဲဝင်လို့ရမလား"

"No No ဒီလိုတော့ ဘယ်ရမလဲ"

"ဘာလဲ၊ ဒါဆို ကျွန်မ ရှင်တို့ရှေ့မှာပဲ လုပ်လိုက်ရမှာလား"

"အဲ"

ဆန်းထူးအကြံရကြပ်သွား၏။ ဒါကို အောင်ထွန်းက ဆန်းထူး နားကပ်ပြီး

"အဲဒါပိုကောင်းတယ်ဟေ့ကောင်၊ Toilet ကို အသေအချာ စစ်ပြီး သူ့အထဲဝင်သွားရင် အပြင်ကပိတ်ထားလိုက်၊ ဒါဆို သူ ဘယ်လိုမှ ထွက်ပြေးလို့ရတော့မှာမဟုတ်ဘူး"







ကသစ်ကို ကျွန်တော်တို့
ဖမ်းထားတယ်ဆိုတာ
လုံးဝမဟုတ်ဘူး၊
သူပျောက်နေတယ်ဆိုပြီး
လူပျောက်ကြော်ငြာထားတာလဲ
မဟုတ်ပါဘူး

"အေး ဟုတ်တယ်"

ထိုအကြံကို ဆန်းထူးသဘောကျသွားသည်။ ထို့ကြောင့်

"ကောင်းပြီလေ၊ ဟေ့ Toilet ကို စစ်ကြည့်လိုက်ကြ"

"ဟုတ်"

အားလုံးဝင်စစ်ကြည့်ကြသည်။ တံခါးအပြင် တခြားထွက်ပေါက်မရှိ။ လေဝင်ပေါက်သေးသေးလေး တစ်ပေါက်သာရှိသည်။

"ရှင်းတယ် ဘော့(စ်)"

"ဒါဆို ပေးဝင်လိုက်"

သူ့စကားကို ကသစ်က

"ဝင်လို့ရပြီလား၊ ရရင်ဝင်ပြီနော်"

ကသစ်က Toilet ထဲ ဝင်သွားသည်။ ထိုတော့မှ ဆန်းထူးက အပြင်မှ တံခါးဂျက်ကိုချလိုက်သည်။ နောက် ဝမ်းသာစွာဖြင့်

"ဟေ့ကောင်အောင်ထွန်း၊ ရဲစခန်းဖုန်းဆက်လေ"

"သြော် အေး အေး၊ ဟိုမှာ Toilet အကြောင်း စဉ်းစားနေတာနဲ့တင် မေ့သွားလို့"

ဆိုကာ ဖုန်းခေါ်လိုက်စဉ်



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံ။ တံခါးခေါက်သံကြောင့် အားလုံးကြောင်သွားသည်။ နောက်မှ

"ဘယ်သူလဲမသိဘူး၊ တံခါးခေါက်သံကြားတယ်"

ဆိုကာ ဖုန်းကိုပြန်ချ၍ တံခါးသွားပြေးဖွင့်လိုက်သည်။

"ဂျို"

"ဟင်"

တံခါးဝမှာ လူစိမ်းတချို့နှင့်မြူနှင်း။

"မြူ မြူနှင်း"

လူစိမ်းတစ်ဦး အရှေ့တိုးလာပြီး

"ကိုဆန်းထူးဆိုတာ"

ဆန်းထူးလဲ သူ့ရင်ဘတ်သူပုတ်ကာ

"ကျွန်တော်ပါခင်ဗျာ၊ ဘာကိစ္စရှိလို့လဲ"

လူစိမ်းက ဆန်းထူးကိုကြည့်ပြီး

"ကျွန်တော်တို့က ရဲတပ်ဖွဲ့ကပါ"

ရဲတပ်ဖွဲ့ကဆိုတော့ ဆန်းထူးဝမ်းသာသွားသည်။ လက်ကိုပင်ဆွဲပြီး

"ဟာ အတော်ပဲဗျာ၊ ကျွန်တော်တို့တောင် အခုပဲ ဖုန်းနဲ့လှမ်းခေါ်တော့မလို့ပါ"

ရဲကြီး မျက်မှောင်ကြုတ်သွား၏။

"ဘာကိစ္စလဲခင်ဗျာ"

ဆန်းထူး အားရဝမ်းသာဖြင့်

"ဟိုလေ ကသစ်ဆိုတဲ့ ကောင်မလေးပျောက်ဆုံးမှုပါပဲ"

ရဲကြီး ဆန်းထူးကိုပြန်ကြည့်သည်။

"ကျွန်တော်တို့လဲ အဲဒီအမှုအတွက် ရောက်လာတာပါ"





"ဗျာ ဘယ်လို"

ဆန်းထူးကြောင်သွားသည်။ ဒါကို ရဲကြီးက

"ဟုတ်ပါတယ်၊ အခု လူပျောက်ကြော်ငြာထားတဲ့ ကသစ်ဆိုတဲ့ ကောင်မလေးကို ကိုဆန်းထူးတို့လူစုက ဖမ်းဆီးထားတယ်လို့ သတင်းရထားလို့ပါ"

"ဗျာ"

"ဘယ်လို"

ဆန်းထူးတို့အဖွဲ့ ခေါင်းနပန်းကြီးသွားသည်။ အခြေအနေက သူတို့ထင်သလိုမှ မဟုတ်ဘဲကိုး။ ရဲသားကြီးက အားလုံးကိုဝေ့ကြည့်ပြီး

"အင်း တိုင်ကြားထားတဲ့လူအားလုံးလဲ ဒီမှာပဲရှိနေတာပဲ"

"ဗျာ"

"ဟင် ဟင်"

ရုပ်ရှင်လူကြမ်းများနှင့် စုံထောက်ကြီးတို့ခမျာ နေစရာနေရာမရှိတော့။ မျက်နှာလေးများခမျာ ငယ်ရှာလိုက်တာ မြင်ပင်မမြင်ရတော့။

"ဒေးလီး ဒေးလီးကြေး သွားပြီ သွားပြီ"

လူကြမ်းကြီးတွေကြောက်ပြီး တစ်ယောက်ကိုတစ်ယောက်ပြန်ဖက်ထားမိကြသည်။ ဆန်းထူးလဲ ကြောင်ပြီး ဘာပြောရမှန်းမသိတော့။ နောက်မှ သတိရပြီး

"ဟာ ဟာ အဲဒါမဟုတ်ဘူး၊ အဲဒါမဟုတ်ဘူး"

ရဲသားများက ဆန်းထူးကိုပြန်ကြည့်သည်။ ဒါကို ဆန်းထူးက မျက်နှာဖြူပြီး

"ကသစ်ကို ကျွန်တော်တို့ဖမ်းထားတယ်ဆိုတာ လုံးဝမဟုတ်ဘူး၊ သူပျောက်နေတယ်ဆိုပြီး လူပျောက်ကြော်ငြာထားတာလဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး"

ရဲသားကြီးက ဆန်းထူးကို မျက်မှောင်ကြုတ်၍ ပြန်ကြည့်သည်။

"ဒါဆို ဘာကဟုတ်တာလဲ"

"သူ ဘယ်မှမပျောက်ဘဲ ဒီမှာပဲရှိနေတာ အမှန်ပါပဲ"

ရဲသားကြီးများ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ နောက်မှ ခေါင်းဆောင်က သက်ပြင်းချပြီး

"ကောင်းပြီလေ၊ ဒါဆို ကိုဆန်းထူးတို့ သက်သေပြနိုင်လား"

ဆန်းထူးတို့အဖွဲ့လဲ အားတက်ပြီး

"ပြနိုင်ပါတယ်ခင်ဗျာ၊ ပြနိုင်ပါတယ်"

"ကဲ ဒါဖြင့်ပြလေ"

ရဲသားကြီးများစကား ကြားသည်နှင့် ဆန်းထူးဝမ်းသာအားရဖြင့် ကသစ်ရှိနေသော Toilet ဆီ ပြေးသွားပြီး

"ဟောဒီမှာပါခင်ဗျာ၊ ကြည့်ကြပါ"

ဆိုကာ သူတို့ပိတ်ထားတော့ Toilet ကို ဆွဲဖွင့်လိုက်တော့

"ဂူး ဂူး"

"ဟာ"

မြင်ရသောမြင်ကွင်းကြောင့် အားလုံးအံ့အားသင့်သွားသည်။ မြင်ကွင်းက သူတို့ထင်ထားသလိုမဟုတ်။

Toilet ထဲမှာ ကသစ်မှာ လက်တွေခြေတွေ ကြိုးချည်ထားပြီး ပါးစပ်ကိုလဲ ပလာစတာနှင့် ပိတ်ထားကာ မျက်လုံးကိုလဲ အဝတ်တစ်ခု စည်းထားသည်။

"ဂူးဂူး"

ကသစ်၏ ကြောက်လန့်တကြားအော်သံ။ ဆံပင်တွေလဲ ဖွာလန်ကျဲနေသည်။ အားလုံး ကြောင်ပြီးငေးနေမိသည်။ နောက်မှ သတိ





ရပြီး

"ဟင် ဒါ ဒါ ဘယ်လိုဖြစ်တာလဲ၊ ဘယ်လိုဖြစ်တာလဲ"

ဆန်းထူး၏အလန့်တကြားအော်သံ။ သူတို့ ကသစ်ကို Toilet ထဲ ထည့်ပိတ်ထားတုန်းက အကောင်းကို။ ယခုတော့

"ဟင် ဒါ ဒါက"

သူ့စကားမဆုံးခင်

"ကသစ် ကသစ်"

မြူနှင်းပြေးသွားပြီး ကသစ်ကို ချည်နှောင်ထားသော မျက်လုံးစည်းရော၊ ပါးစပ်မှာပိတ်ထားသော ပလာစတာကို ဖြုတ်ပေးလိုက်သည်။ ထိုတော့မှ ကသစ်က ကယောင်ကတမ်းနှင့်

"ဟင် ဟင် မြူနှင်း မြူနှင်း ငါ ငါ ဘယ်ရောက်နေတာလဲဟင်"

မြူနှင်းက ကသစ်ကိုဖက်ပြီး

"ဘယ်မှမဟုတ်ဘူး သူငယ်ချင်း၊ ရဲတွေရောက်လာပြီ၊ အဆင်ပြေသွားပြီ သိလား၊ အဆင်ပြေသွားပြီ"

"ငါ့ ငါ့ကို ဆန်းထူးတို့လူစု ဖမ်းထားလို့၊ ကြောက်တယ်၊ ငါ ကြောက်တယ်၊ ငါ့ကိုလဲနှိပ်စက်တယ်၊ ခြေထောက်တွေနဲ့ကန်တယ်၊ ဆံပင်လဲဆွဲတယ်၊ အဟင့်အဟင့်"

ထိုစကားကြားတော့ ဆန်းထူးလဲ လန့်ဖျန့်ပြီးခုန်ထကာ

"ဟာ မဟုတ်ဘူး၊ မဟုတ်ဘူး၊ အဲဒါမဟုတ်ဘူး၊ အဲဒါမဟုတ်ဘူး၊ ဘာမှမလုပ်ဘူး၊ ဘာမှမလုပ်ဘူး"

ကသစ်က ငိုမဲ့မဲ့ဟန်နှင့်

"အဟင့် အဟင့် သူတို့ ငါ့ကို တစ်နေ့သုံးကြိမ်ရိုက်တယ်၊ နောက်ပြီး အဟင့်အဟင့် ပြောရမှာရှက်တယ်၊ အဟင့်အဟင့်"

ဆန်းထူး မျက်လုံးကြီးပြူးပြီး

"ဟင် ဒါ ဒါက"



www.burmeseclassic.com

www.burmeseclassic.com



ရဲသားကြီးက သူ့ကိုကြည့်ပြီး

"ခင်ဗျား အတော်ယုတ်မာတာပဲ ကိုဆန်းထူး၊ ကြည့်စမ်း ခင်ဗျားမို့လို့ ဒီလိုကောင်မလေးကို လုပ်ရက်တယ်၊ ထောင်ထဲမှာ အနှစ်နှစ်ဆယ်လောက်နေပေတော့"

"ဟာ မဟုတ် မဟုတ်"

သူ့စကားမဆုံးမီ ရဲများက သူ့ကုတ်ကိုဆွဲပြီး

"ကဲ လက်ပူးလက်ကြပ်မိနေပြီ၊ ဘာမှမငြင်းနဲ့တော့၊ ဟိတ် ကျန်တဲ့လူတွေပါဖမ်း"

"အောင်မလေး အမေရဲ့၊ ဒေးလီးကြေးတော့ ဆုံးပြန်ပြီဗျို့ ဟီး"

"သွားပါပြီ သွားပါပြီ"

လူကြမ်းကြီးများအော်ငိုသံ။ သူတို့လဲ ထင်မှတ်မထားသော အခြေအနေမို့ ဘာမှမတတ်နိုင်။ ဆန်းထူးကသာ ကယောင်ကတမ်းနှင့်

"မဟုတ်ပါဘူး၊ မလုပ်ပါဘူး၊ ကျွန်တော် အဲသလောက်ထိ မယုတ်မာဘူး"

သူ့စကားကို ရဲကြီးကလဲ

"ဟုတ်ပါတယ်၊ လုပ်ပါတယ်၊ တို့ထင်တာထက် ယုတ်မာတယ်"

"ကဲ ငြင်းမနေနဲ့၊ စခန်းရောက်မှရှင်း"

"ကျွန်တော် ရှင်း ရှင်း"

သူ၏ ကယောင်ကတမ်းအော်သံ။ အရာမဝင်တော့။

"ကဲ သက်သေခံပစ္စည်းတွေသိမ်း၊ ဒီကောင်တွေ အချုပ်ထဲ ပို့ရအောင်"

ဤသို့ဖြင့်. .

× × ×





အချိန်တွေက ကြာ၊ ကြာလှပါပြီ။ တစ်ချိန်ကဖြစ်ခဲ့သော အဖြစ်အပျက်များကလဲ ကြာလာတော့လဲ မေ့ပျောက်ပျောက်ပေါ့။ လူတစ်ယောက်နဲ့တစ်ယောက်ရဲ့ ခံစားချက်တွေက အချိန်ကာလ ပြောင်းတာနဲ့အမျှ စိတ်ခံစားချက်ပါ လိုက်ပြောင်းတတ်ကြတာပဲ မဟုတ်လား။

ဒီလိုပါပဲ တစ်ယောက်နဲ့တစ်ယောက် စိတ်နာခဲ့ကြတာမှ မဟုတ်တာဘဲ။ စိတ်ဓာတ်တွေလဲ ပြောင်းလဲနိုင်ခဲ့ကြတာပေါ့။ ဒါပါပဲကွယ်။

ကလေးငယ်က မျက်လုံးလေးဝိုင်းပြီး သူ့မိခင်ကိုကြည့်သည်။ ခါတိုင်းဆို ပုံပြင်ပြောပြလျှင် အိပ်ပျော်နေကျ။ ယခုမှ ထူးဆန်းစွာ



www.burmeseclassic.com

www.burmeseclassic.com



အိပ်မပျော်သေးပဲ ရှိနေသေး၏။

“နောက် ဘာဖြစ်သွားသေးလဲ မေမေ”

မိခင်က ကလေးငယ်၏နဖူးကိုနမ်းပြီး

“သူတို့အမှုရင်ဆိုင်ရတယ်၊ နောက်ပြီး ပျောက်သွားတဲ့ကားပေါ်ကပစ္စည်းတွေကလဲ ဒရိုင်ဘာကြောင့်ဆိုတာ စစ်ဆေးမိပြီး အားလုံးပြန်ရပြီး လူကြီးတွေက ပြန်ပြေလည်သွားတယ်လေ”

ကလေးငယ်က သူ့မျက်လုံးသူပွတ်ပြီး

“အဲဒီအမှုကရော ဘယ်လိုဖြစ်သွားလဲ”

မိခင်က ကလေးငယ်ပါးကို နမ်းပြီး

“အမှုရင်ဆိုင်နေရင်း သူတို့လဲ မေတ္တာမျှပြီး ဟောဒီသမီးလေး ကသစ်ဆန်းကို မွေးတာပေါ့”

“ခစ် ခစ် ခစ်”

ကလေးငယ်၏ရယ်သံ ကြားရ၏။ မိခင်က ကလေးငယ်နားက ထပြီး

“ဂွတ်နိုက် သမီးလေး”

“ဂွတ်နိုက် မေမေ”

ဖျတ်ခနဲ မီးမှိတ်သွားသည်။

ကလေးငယ်၏ စိတ်ထဲမှာတော့

“အမျိုးသမီးများအား အကြွေးနှင့်သိမ်းပိုက်ခြင်း ပပျောက်ရေး”

ဆိုင်းဘုတ်ချိတ်ဆွဲထားသော မိန်းမပျိုတစ်ယောက် လမ်းမပေါ် အော်ဟစ်နေပုံက ရှင်သန်နေဆဲ။

လေးစားစွာကြိုးစားလျက်

အကြည်တော်



BURMESE CLASSIC .com

www.burmeseclassic.com